မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။ Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ စနေနေ့၊ အတွဲ (၉၇)၊ အမှတ် (၃၂၃)

မာတာပိတုဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ရေမြေသယံဇာတများ အကျိုးရှိစွာအသုံးပြု ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုး

လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၂

မကွေးတိုင်း မကွေးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားရာ၌ မကွေးတိုင်းသည် စီးပွားရေးအပါအဝင် အချက်အချာဒေသတစ်ခုဖြစ်ကြောင်း၊ မကွေးတိုင်းကို ဗဟိုပြု၍ နိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဒေသမရွေး သွားလာနိုင်သည့် လမ်းကြောင်းများ လက်ယှက်ထိုးဖောက်လုပ်ပေးထားသဖြင့် လမ်းဆုံရာဒေသလည်းဖြစ်ကြောင်း၊ မကွေးတိုင်းအနေဖြင့် ဆန်စပါးကဏ္ဍ၌ ဖူလုံမှုမရှိသေးသဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ ဆည်ကန်များ၊ မြစ်ရေတင်များ အပြည့်အဝနီးပါး ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ရရှိထားသည့် ရေမြေသယံဇာတကို အကျိုးရှိစွာအသုံးပြုရန်၊ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကတာဝန်ယူလုပ်ဆောင်နေသည့် တောင်သူလယ်သမားများအား ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ ရေတော် မိုးတော်ဖြစ်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး အပါအဝင် စပါးအထွက်တိုးစေမည့် နည်းစနစ်များကို *စာမျက်နှာ ၇ ကော်လံ ၁* ●

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

ပျူခေတ် ဗိသုကာလက်ရာများ အဆင့်အတန်းမြင့်မား

ကုန်းအမှတ် ၃၉ သည် ဘုရားမာစေတီတော်ကြီး၏ အောက်ခြေပစ္စယာကို စမ်းသပ်တူးဖော်ခြင်းဖြစ်ပြီး ဘုရားမာစေတီတော်ကြီးသည် ဒွတ္တပေါင်မင်းကြီး၏ ကောင်းမှုတော်ဟု အစဉ်အလာ မှတ်သားခဲ့ကြကာ သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက် ပြည်-ပေါက်ခေါင်း ကားလမ်းဘေး ကုန်းရိုး-တွင်းပြည့် ကျေးရွာနယ်နိမိတ်အတွင်း တည်ရှိသည်။

သုတေသနသတင်း စာ - ၆

ကမ္ဘာကြီးသာယာလှပဖို့ ရေအရင်းအမြစ် ထိန်းသိမ်းစို့

သန့်ရှင်းသော ရေချို ရရှိရေးသည် လူသားများ အပါအဝင် သတ္တမျိုးစိတ် အများအပြား အသက်ရှင်သန်ရေးအတွက် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ရေအရင်းအမြစ်၏ ၂ ဒသမ ၅ ရာခိုင်နှုန်းမျှသာ သဘာဝအရ တည်ရှိနေသည့် ရေချိုဖြစ်သည်။

အောင်သုတ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး သတင်းအက်ဆေး စာ - ၄

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယား အနုပညာရှင်များ

မိုးမြင့်လင်းလက်၏ ပြည်ပအနုပညာသတင်း စာ - ၆

အာကာသ၌ တွင်းနက်လေး များစွာတွေ့ရှိ

ယခင်က တွေ့ရှိခဲ့သော အာကာသတွင်းနက်များမှာ အရွယ်အစား ကြီးမားသည့်အပြင် အရေအတွက် နည်းကြောင်း၊ ယခုတွေ့ရှိရသည့် အာကာသတွင်းနက်လေးများမှာ အရွယ်အစားသေးငယ်ပြီး အရေအတွက်လည်း များပြားကြောင်း သိရသည်။

အာကာသသိပ္ပံ စာ - ၅



23-8 (01).pmd 1 3/21/2003, 6:22 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော် (၂၀၀၈ ခုနှစ် ဩဂုတ် ၂၃ ရက်)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စက်ပစ္စည်းများ အရည်အသွေးမီမီ တီထွင်ထုတ်လုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရောက်ရှိရေးအတွက် စက်မှုဇုန်များ၊ လယ်ယာသုံး စက်ကိရိယာစက်ရုံများကို နိုင်ငံတော်က တည်ဆောက် ဖြည့်ဆည်းခဲ့သည်။

ယခုအခါ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍတွင် ပြည်တွင်းလုပ် စက်မှုပစ္စည်းများ တစ်နေ့တခြား တိုးတက်နေရာယူလာခဲ့ပြီဖြစ်သည်။

စက်မှုလုပ်ငန်းများတည်ရှိရာ နိုင်ငံတစ်ဝန်း စက်မှုဇုန်ကြီး ၁၈ဇုန်နှင့် စက်မှုဇုန်ခွဲ ၂၈ဇုန်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကျွမ်းကျင်သူ၊ နည်းပညာနှင့် ငွေကြေးအကူအညီများ ပံ့ပိုးပေး၍ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာမူဝါဒများနှင့် အံဝင်ခွင်ကျဖြစ်စေရန် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးလျက်ရှိရာ အကြီးစားစက်မှုလုပ်ငန်းများမှအပ ကျန်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းအဖြစ်လည်းကောင်း ဆောင်ရွက် လုပ်ကိုင်ခွင့်ပြုခဲ့သည်။ မန္တလေး၊ မုံရွာနှင့်တောင်ကြီး အေးသာယာစက်မှုဇုန်များတွင် ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားစက်ရုံများ၊ ရန်ကုန်မြို့၌ မိုနှင့်ဒိုင်ထုတ်လုပ်သည့်စက်ရုံများကို နိုင်ငံတော်က အားပေးထူထောင်ပေးခဲ့ပြီး ဖြစ်သည်။

စက်မှုဇုန်များက နိုင်ငံတော်အတွက် စက်ပစ္စည်းများကို အရည်အသွေးမီမီ ထုတ်လုပ်နိုင်သည်နှင့်အမျှ မြန်မာ့စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ စက်မှုလုပ်ငန်းရှင်များနှင့် သုတေသနပညာရှင်များအပိုင်းဟူ၍ သုံးချောင်းထောက်စနစ်အသွင် အချိတ်အဆက်မိမိဖြင့် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက စက်မှုနိုင်ငံအဖြစ်သို့ တက်လှမ်းရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ထိုင်းနိုင်ငံဧည့်သည်အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ထိုင်းနိုင်ငံ Sutech Engineering Co.,Ltd. မှ Dr.Terapol Pruksathorn သည် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၂၀ရက် ညနေဖနာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် မြေသြဇာထုတ်လုပ်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

လာရောက်တွေ့ဆုံ

အလားတူ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Kim Sok Chol သည် ညနေ ဖနာရီ မိနစ် ၅၀တွင် ဝန်ကြီးရုံး ဧည့်ခန်းမဆောင်သို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၈-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ညီအစ်ကိုသူငယ်ချင်း** သရုပ်ဆောင်-နေတိုး၊ထွန်းထွန်း (Examplez)၊ပုလဲဝင်း၊သဇင်၊ (ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ အုံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၉၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ English Usage
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း -၂၁)

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုး မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

အာဆီယံအမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့တောင်အာရှ ဒေသအတွင်းရှိ ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်နားလည်မှုကို မြှင့်တင်ပေးရန်နှင့် ယဉ်ကျေးမှုဖလှယ်ရေးကို တိုးတက်စေရန် ရည်ရွယ်လျက် ၂၀၀၁ ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association- MAWFA)၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ နာယက အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနတို့မှ ဝန်ကြီးများ၏ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများ၊ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၏ဇနီးများနှင့် မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ၏ ချစ်ကြည်ရေးအသင်းဝင် အမျိုးသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် အလုပ်အမှုဆောင်အဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်သီတာညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၏ဇနီး Madame Dana Phany က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် အတွင်းရေးမှူး ဒေါ်သီတာအောင်က ၂၀၀၇-၂၀၀၈ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်အေးအေးဖြူက ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုကြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံအာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအသင်းက လှူဒါန်းငွေကျပ်နှစ်သိန်း၊ ရန်ကုန်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံ သံရုံးအသီးသီးနှင့် အသင်းဂုဏ်ထူးဆောင်အဖွဲ့ဝင်များက လှူဒါန်းငွေကျပ်တစ်သိန်းစီ အပါအဝင် စုစုပေါင်းငွေကျပ် ၁၉၅၀၀၀၀နှင့် အမေရိကန် ဒေါ်လာ ၂၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ နာယကအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်မြင့်မြင့်စိုးနှင့် ဒေါက်တာဒေါ်ခင်မြဝင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၏ဇနီး Madame Dana Phany နှင့် အလုပ်အမှုဆောင်အဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်သီတာညွန့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ ခေတ္တဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းက ကြီးမှူး၍ **Gusto**၏ ပံ့ပိုးကူညီမှုဖြင့် ဩဂုတ် ၂၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် မြန်မာ အင်ဖိုတက်ခ် **Conference Hall** ၌ **Intranet Portal Solution with Microsoft Sharepoint Server 2007** ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည် ဖြစ်သည်။

ဆွေးနွေးဟောပြောမည်

ယင်းဟောပြောပွဲတွင် **Gusto** မှ **Microsoft Certified Developer** ဦးဝင်းထိန်ဝင်းက **Sharepoint Server** နှင့် စပ်လျဉ်း၍ သိကောင်းစရာများကိုလည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် **IT** ကုမ္ပဏီ **CDG Micro System** မှ **Microsoft Associate Consultant** ဦးတေဇက နိုင်ငံတကာ ကုမ္ပဏီကြီးများ **Sharepoint Server 2007** ကိုအကျိုးရှိအောင် အသုံးချမှုများ၊ **Sharepoint Server** နှင့် စပ်လျဉ်း၍ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အနာဂတ်အလားအလာတို့ကိုလည်းကောင်း ဆွေးနွေးဟောပြောကြမည် ဖြစ်သည်။

တက်ရောက်ဆွေးနွေး

ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် ဆွေးနွေးနိုင်ပြီး အသေးစိတ် သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လျှိုပိတ်ဆည် သုံးခုတွင်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များ စိုက်ထည့်ခြင်း အခမ်းအနားတွင် လျှိုပိတ်ဆည်များအတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ငါးကြင်းဖြူ စသည့် ငါးသားပေါက်များကို စိုက်ထည့်ပေးစဉ်။ (ဘဏ္ဍာ/ အခွန်)

စိုက်ထည့်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက လျှိုပိတ်ဆည်များအတွင်း ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ငါးကြင်းဖြူ စသည့် ငါးသားပေါက်များ စိုက်ထည့်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ဆည်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ပေးပြီး ဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ ဝန်ကြီးက စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းအဖြစ် ပိတောက်ပင်အား စိုက်ပျိုးပေးသည်။ ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ကြည့်ရှုအားပေး

အလားတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၃၄)တွင် မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများသည် အရိပ်ရအပင်များ၊ စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များကို စုပေါင်းစိုက်ပျိုးကြပြီး ဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

စိုက်ပျိုးပြီး

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက်များစိုက်ထည့်ခြင်း အခမ်းအနားတွင် စိုက်ထည့်ပေးသော ငါးသားပေါက်များမှာ ရွှေဝါငါးကြင်းကောင်ရေ ၃၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၃၅၀၀၊ ငါးခုံးမကောင်ရေ ၆၅၀၀ နှင့် ငါးကြင်းဖြူကောင်ရေ ၃၀၀၀၊ စုစုပေါင်းငါးသားပေါက် ၂၆၀၀၀ နှင့် စိုက်ပျိုးသည့် သစ်ပင်များမှာ စိန်ပန်း၊ ကုက္ကို၊ မန်ကျည်း၊ ပိတောက်၊ သရက်၊ ပိန္နဲ၊ စုစုပေါင်း အပင် ၅၀၀ စိုက်ပျိုးခဲ့ပြီး ယနေ့အထိ အရိပ်ရ၊ လေကာ၊ နှစ်ရှည်ပင်၊ စားပင်၊ သီးပင် စုစုပေါင်း အပင် ၃၇၀၀ စိုက်ပျိုးပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

(ဓမ္မပဒ - ၂၈)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈-၂၀၀၉ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၄ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပရာ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက အမှာစကားပြောကြားပြီး လားရှိုး၊ မူဆယ်၊ ကျောက်မဲနှင့် ကွမ်းလုံ ခရိုင်တို့မှ ဦးစီးအရာရှိများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ခရိုင်အလိုက် ဆွေးနွေးတင်ပြကြသည်။

ညှိနှိုင်း

ထို့နောက် ၂၀၀၈-၂၀၀၉ခုနှစ် လုပ်ငန်းလျာထားချက်များကို ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက ရှင်းလင်းဆွေးနွေးပြီးခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများက ညှိနှိုင်းဆွေးနွေးကြသည်။

အကြံပြု

ယင်းနောက် လုပ်ငန်းဆောင်ရွက်ချက်များ၏အားသာချက်၊ အားနည်းချက်များကို သုံးသပ် ဆွေးနွေးကြပြီး ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၀၈-၂၀၀၉ခုနှစ်အတွက် ဆောင်ရွက်ရန် ကျန်ရှိနေသည့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များနှင့် ၂၀၀၈ခုနှစ် ဧပြီလမှ ၂၀၀၉ခုနှစ် ဒီဇင်ဘာလအထိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် ဆောင်ရွက်ရေးတို့ကို စီမံချက်များရေးဆွဲ၍ ဆောင်ရွက်ကြရန် အကြံပြုဆွေးနွေးသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၁)ဒေါပုံ၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၂

ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို ဩဂုတ်၂၁ရက် နံနက်က အထက(၁)ပညာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်သိင်္ဂီက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစိုးညွန့်က **'ရည်မှန်းချက်ရှိရမည်'** ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်နိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သိင်္ဂီ၊ အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်နှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၂

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ် စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။**(ဝဲပုံ)**

မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ ရန်နိုင်ဦး၊ဖိုးရန်နိုင် (ကျောက်ကြီး)၊ စန္ဒရားကိုခင်လှ၊ မောင်စိမ်းနောင် (လယ်ဝေး)၊ မြတ်ဘုန်း (တပ်ကုန်း)၊ အသုတ် မောင်ဝင်းရောင်၊ မောင်ပြည့်စွမ်း (ပင်လယ်ဘူး)၊ ပွင့်မွှန်မွှန်သိန်း၊ ခြိမ့်နိုင်၊ ပိုနေမြဲ(ဝက်လက်)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ သာနိုင်အောင်(ကျိုက်မရော)၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်စိုးယဉ်၊ ကြည်သာ၊ စစ်ကိုင်းစိမ်းစိမ်း၊ ထွဏ်း(ရေကြောင်းအင်ဂျင်နီယာ)၊ မြင်းမူဦးအောင်မြင့်သိမ်း၊ မွှေးငယ်ငယ်၊ သုတေသီကြည်သန့်ဇင်၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ မောင်ရည်ကျော်(ရူပ)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ နေမျိုးသန့်၊ မောင်အောင်မြင် (မိတ္ထီလာ)၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ ချစ်စံဝင်း၊ ဖျာပုံလှမိုးနွယ်၊ တက္ကသိုလ်မောင်လူလှ၊ ခင်မိမိ၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စေတနာလှိုင်(ရေစကြို)၊ တင်ဝင်း (ပညာရေး)တို့၏ဆောင်းပါး၊ နတ်မောက်အနီချို၊ မနွယ်(ကလော)၊ ဦးစံတင်အောင်(ရွှေဘို)၊ ဆင်ဖြူကျွန်း-အောင်သိန်း၊ မောင်ဒေါင်းဆွေ(ရွှေဓာမြေ)၊ ဝင့်မိုး(ဥက္ကလာ)၊ ရည်မွန်သာ (ဒဂုံတက္ကသိုလ်)၊ စိမ်းသော်၊ ခိုင်ကျော်နွယ် (ကျောက်တော်)၊ မင်းဦး (ဒဿန)၊ ရွှေကိုဦး၊ ကျော်ကျော်လွင်၊ စည်သူကျော်တို့၏ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ စာပေအလင်း၊ စာပေ သတင်းကဏ္ဍ၊ စာအုပ်စင်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ တောဝလေ့၊ စာပန်းချီ၊ ကလေးတို့အတွက်ကဗျာလက်ဆောင်၊ စာလက်ဆောင်ကဏ္ဍ၊ ကဗျာပန်းရုံရိပ်တို့ဖြင့် သုတ/ရသ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သုဒ္ဓဝိပဿနာ အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၂

ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်သည် ဩဂုတ် ၂၇ရက်မှ ၃၀ရက်အထိ လေးညတိုင်တိုင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၃ရပ်ကွက် ယသဝတီလမ်းရှိ အောင်မြေ လူထုဓမ္မာရုံကြီး၌ ညစဉ်၇နာရီတွင် သုဒ္ဓဝိပဿနာတရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မနောဟရီ ဓမ္မာရုံကြီးအတွက် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် လှည်းဆိပ်(စံပြ)ကျေးရွာ မနောဟရီကျောင်းတိုက် မနောဟရီဓမ္မာရုံကြီး၌ ဩဂုတ် ၁၇ရက်က အလူမီနီယံ မှန်တံခါးများ တပ်ဆင်ရန်အတွက် ဦးတင်ငြိမ်း-ဒေါ်ဌေးဌေးတို့အား ရည်စူး၍ သားသမီးများက အလှူငွေကျပ်၃၅သိန်းကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုသလ(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းကြသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းပြင်ပရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်မည့် ကျပ် ၁၀၀ တန် ထီဆုငွေတန်ဖိုး တိုးမြှင့်သတ်မှတ်

ရန်ကုန် ဩဂုတ် ၂၂

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲသည် ကျပ် ၁၀၀တန် ထီဖွင့်ပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး ထီဆုငွေများကို ထုတ်ပေးရာတွင် ဆုငွေကျပ် ၄၀၀၀၀(ကျပ်လေးသောင်း)နှင့်အထက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ထုတ်ပေးလျက်ရှိပြီး ကျပ် ၄၀၀၀၀ (ကျပ်လေးသောင်း)နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူခွင့်ပြုလျက်ရှိသည်။

ထုတ်ပေးမည်

ယခုအခါ ထီဆုငွေထုတ်ယူသူများ ပိုမိုအဆင်ပြေလွယ်ကူစေရန် ၂၀၀၈ ခုနှစ် စက်တင်ဘာလရက်တွင် စတင်ရောင်းချပြီး အောင်တိုဘာလရက်တွင် ဖွင့်လှစ်မည့် (၂၃၇)ကြိမ်မြောက် ထီဖွင့်ပွဲမှစတင်၍ ကျပ် ၁၀၀၀၀၀၀(ကျပ်၁၀သိန်း)နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒီ့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့အလင်း ၂၂-၈-၂၀၀၈

ပင်လယ်ကွေ့ဒေသ လေကြောင်းလုပ်ငန်းဆိုင်ရာ သတင်းပဒေသာ



ယခုနှစ်ဝက်အတွင်း ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ် ခရီးသည် ၁၈ သန်းကျော်အား ဝန်ဆောင်မှုပေးနိုင်

အဘူဒါဘီ ဩဂုတ် ၂၂

ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ် (အပေါ်ပုံ)အနေဖြင့် ပျမ်းမျှအားဖြင့် တစ်လလျှင် ခရီးသည်သုံးသန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်ဝက်အတွင်း ခရီးသည် ၁၈ ဒသမ ၄၆ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်ဖြစ်ရာ ယမန်နှစ် အလားတူကာလကထက် ၁၈ ဒသမ ၄၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဒူဘိုင်းလေဆိပ်သမိုင်းတွင် ခရီးသည်ဝန်ဆောင်မှု အများဆုံးပေးနိုင်ခဲ့သည့် အချိန်ကာလပင်ဖြစ်ကြောင်း လေဆိပ်မှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကာတာနှင့် သီရိလင်္ကာ လေကြောင်းခရီးစဉ်သစ်များ ပျံသန်းရန် သဘောတူ

အရှေ့အလယ်ပိုင်းဒေသမှ ခရီးသည်များ လေကြောင်းခရီးစဉ်များမှ ပိုမိုလာရောက်လည်ပတ်ရေးအတွက် သီရိလင်္ကာနိုင်ငံ လေကြောင်းလုပ်ငန်းက ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကာတာနိုင်ငံမှ ခရီးသည်များ ပိုမိုလာရောက်နိုင်ရေးအတွက် လေကြောင်းခရီးစဉ်သစ်များပျံသန်းရန် ကာတာနှင့် သီရိလင်္ကာ နိုင်ငံတို့ သဘောတူညီခဲ့ကြကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းသို့ လက်ဘနွန် လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းမည်

လက်ဘနွန်နိုင်ငံ အမျိုးသားလေကြောင်းအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြေးဆွဲရန် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ လေကြောင်းလိုင်းများနှင့် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း လက်ဘနွန်အမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

အာဂျေလေကြောင်းလိုင်း ဂျော်ဒန်နှင့် ယူကရိန်းသို့ တစ်ပတ်နှစ်ကြိမ်ပျံသန်းပြေးဆွဲ

အမ္မန် ဩဂုတ် ၂၂

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့နှင့် ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့များသို့ ဂျော်ဒန်လေကြောင်းလိုင်းဖြစ်သည့် အာဂျေလေကြောင်းလိုင်းသည် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသားကျောင်းသူများ၊ ခရီးသွားလုပ်ငန်း အဖွဲ့အစည်းများအတွက် တက်ကြွရွှင်လန်းစွာသွားလာနိုင်ရေးအတွက် တစ်ပတ်လျှင် နှစ်ကြိမ် ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး အမ္မန်မြို့နှင့် ကီယက်ဗ်မြို့သို့ လေယာဉ်ပျံသန်းချိန် သုံးနာရီခွဲခန့် ကြာမြင့်မည်ဖြစ် ကြောင်း အာဂျေလေကြောင်းလိုင်း အလုပ်အမှုဆောင်တစ်ဦးက ပြောကြားသည်။

အီသီဟက်လေကြောင်း ရုရှားသို့ ပျံသန်း

ဒူဘိုင်း ဩဂုတ် ၂၂

အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) အခြေစိုက် အီသီဟက်အဲလိုင်းသည် ရုရှားနိုင်ငံမြို့တော် မော်စကိုလေကြောင်း ခရီးစဉ်သစ် စတင်ပျံသန်းနေပြီဖြစ်ကြောင်း (အပေါ်ပုံ)သိရသည်။ ထိုသို့ ခရီးစဉ်တိုးချဲ့ပျံသန်းရာတွင် မန်ချက်စတာ၊ လန်ဒန်၊ ဂျီနီဗာ၊ ဖရန့်ဖွတ်၊ ပါရီနှင့် ဘရပ်ဆဲလ်မြို့များသို့လည်း ပြေးဆွဲသွားမည် ဖြစ်သည်။

အရှေ့အလယ်ပိုင်း အကောင်းဆုံးလေကြောင်းလိုင်းဆု အဲအာရေဗျားဆွတ်ခူး

ပနားမား ဩဂုတ် ၂၂

တောင်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲလျက်ရှိသည့် အဲအာရေဗျာလေကြောင်းလိုင်းအနေဖြင့် ၂၀၀၈ ခုနှစ် ခြောက်လတာကာလအတွင်း ခရီးသည်များကို အကောင်းဆုံး ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ခဲ့သဖြင့် အရှေ့အလယ်ပိုင်းဒေသ၏ ဈေးနှုန်းသက်သာမှု အဖြစ်ဆုံးလေကြောင်း လိုင်းများတွင် အကောင်းဆုံးလေကြောင်းလိုင်းဆုကို ဆွတ်ခူးရရှိသွားခဲ့သည်။

အီရန်လေကြောင်း ပြည်ပခရီးစဉ် တိုးချဲ့ပျံသန်းမည်

တီဟီရန် ဩဂုတ် ၂၂

အီရန်လေကြောင်းလုပ်ငန်းအနေဖြင့် ပြည်ပခရီးစဉ်များကို တိုးချဲ့ပျံသန်း လျက်ရှိရာ လာမည့် စက်တင်ဘာ ပထမ သီတင်းပတ်မှ စတင်ကာ ရုရှားနိုင်ငံသို့ လေယာဉ်ခရီးစဉ်သုံးကြိမ်တိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း အီရန်လေကြောင်းအရာရှိများက ပြောကြားသည်။

ဂျော်ဂျီယာမှရုရှားတပ်ဖွဲ့ဝင်များရုပ်သိမ်းနေ အချို့နေရာများ၌ ဆက်လက်ရှိနေဆဲဟု ရုရှားပြောကြား

တီဘီလီစီ ဩဂုတ် ၂၂

ဂျော်ဂျီယာနိုင်ငံတောင်ပိုင်း အော်ဆက်တီးယားပြည်နယ်မှ ရုရှားတပ်ဖွဲ့များ စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း၊ သို့သော် အချို့နေရာများ၌ ရုရှားတပ်ဖွဲ့ဝင်များ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ရုရှားစစ်ဘက်က ဩဂုတ် ၂၂ရက်၌ ပြောကြားလိုက်သည်။

ရုရှားတပ်ဖွဲ့ဝင်များအနေဖြင့် ယခင်က သက်မှတ်ထားသည့် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးနောက်ဆုံးနေ့ရက် ဖြစ်သော ဩဂုတ် ၂၂ရက်ကို လိုက်နာသည့်အနေဖြင့် တပ်ဖွဲ့ဝင်များရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

သို့သော် အချို့ရုရှားတပ်ဖွဲ့ဝင်များမှာ တောင်ပိုင်းအော်ဆက်တီးယား ပြည်နယ် ဂိုရီမြို့မှ လှမ်းမြင်ရသော အကွာအဝေး၌ တပ်ဖြန့်ချထားလျက် ရှိနေဆဲ ဖြစ်သည်။

ရုပ်သိမ်းသွားမည်

ဂျော်ဂျီယာတို့ကမူ ရုရှားတပ်ဖွဲ့ဝင်များမှာ အာခါဇီးယားမြို့အနီး အနောက်ဘက်ဒေသမှ ရုရှားတပ်ဖွဲ့ဝင်များအားလုံး ရုပ်သိမ်းသွားပြီဖြစ်ကြောင်း ပြောကြားသည်။ ရုရှားတို့ကမူ မကြာမီရက်ပိုင်းအတွင်း ရုရှား တပ်ဖွဲ့ဝင်များ အပြီးရုပ်သိမ်းသွားမည်ဟု ပြောကြားသည်။

(အင်တာနက်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး **သတင်းအက်ဆေး**

ကမ္ဘာကြီးသာယာလှပဖို့ ရေအရင်းအမြစ်ထိန်းသိမ်းစို့

ရေချိုသည် အသစ်တစ်ဖန် သုံးစွဲနိုင်သည့် အရင်းအမြစ် (renewable resource) ဖြစ်သည်။ ရေချိုရှိမှသာလျှင် ကုန်းမြေဆိုင်ရာသက်ရှိဇီဝရုပ်များ (terrestrial organisms) အသက်ရှင်သန်နိုင်မည်။ လူသားတို့သည် သောက်သုံးရန်နှင့် စိုက်ပျိုးရန်ရေလိုအပ်ပြီး ရေမရှိဘဲအသက်ရှင်သန်ရပ်တည်နိုင်မည် မဟုတ်ပေ။

ရေသည် လူတို့အတွက် မရှိမဖြစ် အရေးကြီးလင့်ကစား ကမ္ဘာတစ်ဝန်းတွင် ရေချိုအရင်းအမြစ်များ ပြုန်းတီးမှုရှိနေသည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ ကမ္ဘာ့ပြည်သူ သန်း ၁၂၀၀ခန့် (ကမ္ဘာ့လူဦးရေ၏ ၁၈ရာခိုင်နှုန်း)မှာ ရေကောင်းရေသန့် မရရှိ ကြပါချေ။

အဓိကအကြောင်းတရား

ရေချိုတည်ရှိရာနေရာများတွင် ကန်များ၊ ရေအိုင်များ၊ မြစ်များနှင့် မြေအောက်ရေ စုစည်းတည်ရှိရာ နေရာများ ပါဝင်သည်။ ရေချိုဖြစ်ပေါ်စေသော အဓိက အကြောင်းတရားမှာ မိုးရွာသွန်းခြင်း၊ နှင်းပွင့်နှင့် ဆီးနှင်းများ ကျဆင်းခြင်းတို့ ဖြစ်သည်။

သန့်ရှင်းသော ရေချိုရရှိရေးသည် လူသားများအပါအဝင် သတ္တမျိုးစိတ် အများအပြား အသက် ရှင်သန်ရေးအတွက် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ရေအရင်းအမြစ်၏ ၂ ဒသမ ၅ရာခိုင်နှုန်းမျှသာ သဘာဝအရ တည်ရှိနေသည့် ရေချိုဖြစ်သည်။

ကမ္ဘာ့ရေချိုပမာဏ၏ သုံးပုံနှစ်ပုံခန့်သည် ရေခဲမြစ်များ ***(အပေါ်ပုံ)****(glaciers)နှင့် ရေခဲလွှင်ပြင်များ(icecaps)အဖြစ် တည်ရှိနေသည်။ ယင်းတို့မှ ကြွင်းကျန်သော ရေအများစုမှာမူ မြေအောက်တွင်ရှိနေပြီး ဝဒသမ ၃ ရာခိုင်နှုန်း သာလျှင် မြေမျက်နှာပြင်ပေါ်တည်ရှိသော ရေဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိ ရေထု၏ သုညဒသမ ဝ၈ ရာခိုင်နှုန်းမျှ ကိုသာ လူသားတို့ သုံးစွဲခွင့်ရရှိသည်။*

ရေအနက်ဆုံး

ရုရှားနိုင်ငံရှိ ဘေကားလ်ရေအိုင်ကြီး ***(အပေါ်ယာပုံ)*** *(Baikal Lake)သည် ကမ္ဘာပေါ်ရှိ ရေချိုအိုင်များအနက် ရေအနက်ဆုံးဖြစ်သည်။ ဧရိယာစတုရန်း ၁၃၁၉၇ မိုင်ရှိ ယင်း ရေအိုင်၏ အနက်ဆုံးအပိုင်းမှာ ပေပေါင်း ၅၇၇ဝ ရှိသည်။ အရှေ့ဆိုက်ဘေးရီးယားရှိ အဆိုပါရေအိုင်သည် ဆောင်းကာလ၌ အေးခဲနေတတ်သည်။ ဘေကားလ်ရေအိုင်ကြီးနှင့် မြောက် အမေရိကတိုက်ရှိ ရေချိုအိုင်များသည် မြေပေါ်တွင် တည်ရှိသော ရေချိုပမာဏ၏ ရှစ်ပုံခုနစ်ပုံ အကျုံးဝင်သည်။*

အမေဇုန်မြစ်

ကမ္ဘာပေါ်တွင် ရေထုထည်အကြီးဆုံးနှင့် အကြီးဆုံးမြစ်ဝှမ်းတည်ရှိရာမြစ်မှာ အမေဇုန်(Amazon)မြစ်ဖြစ်ပြီး တောင်အမေရိကတိုက်၏ နယ်မြေထက်ဝက်ခန့်ကို ရေပေးဝေလျက်ရှိသည်။

ကမ္ဘာ့လေထု (atmosphere)အတွင်း ရေပါဝင်မှုနှုန်းမှာ ဝ ဒသမ ဝ၄ ရာခိုင်နှုန်း ရှိသည်။ ရေအရင်းအမြစ်များ ထာဝရတည်တံ့ရေးအတွက် စဉ်ဆက်မပြတ် စီမံခန့်ခွဲရန်မှာ တစ်ကမ္ဘာလုံး ရင်ဆိုင်နေရသည့် စိန်ခေါ်မှုပင် ဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ သုံးပုံ တစ်ပုံခန့်မှာ ရေရရှိရေးအတွက် ရတက်မအေးဖြစ်နေရသူများ ဖြစ်ကြသည်။ ကမ္ဘာ့ ဆင်းရဲသားပြည်သူများမှာ မမျှတသည့် ရေခွဲဝေပုံစနစ်၏ဒဏ်ကို ခါးစည်းခံစားနေကြ ရသည်။

ရေလိုအပ်ချက်

လူဦးရေတိုးလာခြင်း၊ စက်မှုလုပ်ငန်းများတိုးချဲ့ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်မြောင်းများ တည်ဆောက်ခြင်းတို့ကြောင့် လာမည့်နှစ်ပေါင်း ၂၀ အတွင်း ရေလိုအပ် ချက် ပိုမိုမြင့်မားလာမည်ဟု ခန့်မှန်းထားသည်။

ရေပြဿနာသည် ကမ္ဘာ့ပြဿနာ ဖြစ်လာသည်အားလျော်စွာ ကုလသမဂ္ဂ ပတ်ဝန်းကျင် အစီအစဉ်(United Nations Environment Programme)သည် ရေအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံခန့်ခွဲမှုစနစ်များ တိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။ ရေအရင်းအမြစ်ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ရေချွေတာနိုင်မည့် နည်းပညာသစ်များ တီထွင်ကြံဆခြင်း၊ ရေအရင်းအမြစ်ဆိုင်ရာ မူဝါဒများနှင့် ဥပဒေများ ရေးဆွဲချမှတ်ခြင်း စသည့်လုပ်ငန်းများ၌ ကမ္ဘာ့နိုင်ငံများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။

စဉ်ဆက်မပြတ်

ဘူမိသိပ္ပံ (Geosciences) ပညာရှင်များသည် သဘာဝအရ ရေအရင်းအမြစ် များ ထိန်းသိမ်းနိုင်မည့်နည်းလမ်းများကို ရှာဖွေလျက်ရှိကြသည်။ ကမ္ဘာသူကမ္ဘာသားများ စဉ်ဆက်မပြတ် ရေကောင်းရေသန့်ရရှိရေးအတွက် သစ်တောများ၏ အခန်းကဏ္ဍ အရေးပါပုံကို လေ့လာစေ့ငုလျက်ရှိကြသည်။ သစ်တောထိန်းသိမ်းခြင်းနှင့် သစ်တော စီမံခန့်ခွဲရေးစနစ်များကောင်းမွန်ခြင်းဖြင့် ရေအရင်းအမြစ်များကြွယ်ဝနေပေလိမ့်မည်။

သစ်တောနှင့်ရေအရင်းအမြစ် ဆက်နွယ်နေခြင်းကြောင့် သစ်တောဇလဗေဒပညာ (Forest Hydrology)ကို အလေးထား ဂရုပြုလာကြသည်။ သစ်တောများကို ဖြတ်သန်း၍ ရေစီးဆင်းသွားပုံကို အထူးပြုလေ့လာသည့်ပညာရပ်မှာ သစ်တောဇလဗေဒ ပညာရပ်ပင်ဖြစ်သည်။

ထိခိုက်နိုင်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနှင့် မြို့ပြများတိုးချဲ့ခြင်းစသည့် အကြောင်းတရား များကြောင့် ရေထောက်ပံ့ပေးနိုင်မှု ထိခိုက်နိုင်ဖွယ်ရှိသည်။

တောမီးလောင်ကျွမ်းခြင်း၊ အင်းဆက်ပိုးမွှားကျရောက်ခြင်း၊ အပင်ရောဂါဖြစ်ပွားခြင်း၊ သစ်တောဒေသ၌ လမ်းများဖောက်လုပ်ခြင်း၊ အလွန်အကျွံသစ်ထုတ်လုပ်ခြင်း စသည့် အကြောင်းတရားများကြောင့် သစ်တောပြုန်းတီးခြင်း(deforestation)ရှိလာမည် ဆိုပါက ရေအရင်းအမြစ်ထိန်းသိမ်းရေး၌ ပြဿနာများ ကြုံတွေ့ရဖွယ်ရှိမည်။

ယခုရာစုနှစ်တွင် ရေပြဿနာနှင့် ကမ္ဘာကြီးပူနွေးမှုပြဿနာတို့ကို လူသားတို့ ခါးစည်းခံရမည်ဟု ပညာရှင်များကသတိပေးထားရာ ရေအသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိ နားလည်ကာ ရေအရင်းအမြစ်များထိန်းသိမ်းရေး၌ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင်ရွက် ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အောင်သုတ

ဘင်္ဂလားပင်လယ်အော်အတွင်း သင်္ဘောနှစ်စင်းတိုက်မိ စင်ကာပူသင်္ဘောနစ်မြုပ်

ဒါကာ ဩဂုတ် ၂၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချိတာဂွန်ဆိပ်ကမ်း ကမ်းလွန်တွင် အိန္ဒိယမှ ဆန်တန်ချိန် ၃၀၀၀ကျော် တင်ဆောင်လာသော သင်္ဘော တစ်စင်း ဩဂုတ် ၂၀ရက်က နစ်မြုပ်သွားကြောင်း ဘင်္ဂလားဒေ့ရှ် အရာရှိများက ပြောကြားသည်။

စင်ကာပူအလံလွှင့်ထူထားသည့် ဆန်များ တင်ဆောင်လာသော ဘာဒူလာဇယ်လိဗ် အမည်ရှိ ကုန်တင်သင်္ဘောနှင့် တရုတ် ရေနံတင်သင်္ဘောတို့ ဘင်္ဂလားပင်လယ်အော်တွင် တိုက်မိခဲ့ကြခြင်းဖြစ်ပြီး ဆန်များ တင်ဆောင်ထားသည့် စင်ကာပူသင်္ဘော နစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။ နစ်မြုပ်သွားသောသင်္ဘော၌ သင်္ဘောသား ၁၇ဦးပါရှိသွားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ ပြင်သစ်တပ်ဖွဲ့ဝင် ၁၀ဦးသေဆုံး

ကဘူးလ် ဩဂုတ် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဩဂုတ် ၁၉ရက်က တာလီဘန်လက်နက်ကိုင်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အာဖဂန်ရှိ ပြင်သစ်တပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာကသတင်းထုတ်ပြန်သည်။ ယင်းဖြစ်ပွားမှုသည် တာလီဘန်လက်နက်ကိုင်များနှင့် နိုင်ငံစုံတပ်ဖွဲ့တို့ အပြန်အလှန်တိုက်ခိုက်ရာမှ သေဆုံးခဲ့ရခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဗင်နီဇွဲလားနှင့်အာဂျင်တီးနား ရထားလမ်းဖောက်လုပ်

ကရာကက် ဩဂုတ် ၂၂

ဗင်နီဇွဲလားနိုင်ငံ ကရာကက်မြို့နှင့် အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့တို့ကို ဆက်သွယ်မည့် ရထားလမ်း ဖောက်လုပ်ခြင်း စီမံကိန်းအား နှစ်နိုင်ငံအစိုးရအဖွဲ့များ အနေဖြင့် စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ဗင်နီဇွဲလားနိုင်ငံ ကရာကက်မြို့တော်၌ ဩဂုတ် ၂၀ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို ကရာကက်မြို့တော် လာရိန်ကိုနာဒါ ဘူတာရုံကြီး၌ ကျင်းပရာ ဗင်နီဇွဲလားမြို့ပြ ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးအိုင်စီဒိုရွှန်ဒမ်နှင့် အာဂျင်တီးနားနိုင်ငံ သံအမတ်ကြီး အလီကာကစ်ထရိုတို့တက်ရောက်ကြသည်။

ယခုရထားလမ်း တည်ဆောက်ပြီးစီးပါက တောင်အမေရိကနိုင်ငံများ အနေဖြင့် တောင်မှမြောက်သို့ ရထားကို အသုံးပြုကာ သွားလာနိုင်မည် ဖြစ်ကြောင်း၊ ထို့ပြင် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း အပြန်အလှန် ဖလှယ်နိုင်ကြမည်ဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံ သံအမတ်ကြီး အလီကာကစ်ထရိုက ပြောကြားသည်။

(အင်တာနက်)

နယူးဇီလန်နိုင်ငံ အော့ကလန်ပြည်နယ် ဝမ်ဟန်ဂါမြို့၌ ယာဉ်ပစ္စည်း ကုန်လှောင်ရုံ မီးလောင်မှုဖြစ်ပွားသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အော့ကလန်၌ မီးလောင်မှုဖြစ်ပွား

ဝယ်လင်တန် ဩဂုတ် ၂၂

နယူးဇီလန်နိုင်ငံ အော့ကလန်ပြည်နယ် ဝမ်ဟန်ဂါမြို့ရှိ ယာဉ်ပစ္စည်းကုန်လှောင်ရုံတစ်ခု ဩဂုတ် ၂၁ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင် ၆၀ကျော်လာရောက် မီးငြိမ်းသတ်ခဲ့ရကြောင်း အင်တာနက် သတင်း၌ ပါရှိသည်။

မီးလောင်ကျွမ်းမှုမှာ ကားဆီလှောင်ကန်တစ်ခုမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ ကားပစ္စည်း ကုန်လှောင်ရုံ၏ ၈၀ရာခိုင်နှုန်းနီးပါး မီးလောင်ကျွမ်းခဲ့ကြောင်း၊ တစ်ဦးတစ်ယောက်မှ ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

(အင်တာနက်)

သူတို့အတွေးနှင့်အမြင်

* *Kindness is the golden chain by which society is bound together.*

ကြင်နာမှုသည် လူ့အသိုင်းအဝိုင်းကို မိသားစုသဖွယ်ဖြစ်အောင် ချည်နှောင်ထားသည့် ရွှေဖြင့်ပြုလုပ်ထားသည့်ကြိုးပင် ဖြစ်သည်။

ဂေါ့တေး (ဂျာမန်လူမျိုးကဗျာဆရာ)

* *Discipline is learnt in the school of adversity.*

စည်းကမ်းဟူသည့်အရာကို အကျပ်အတည်းဟူသော ကျောင်းတော်ကြီးမှ သင်ကြားပေးသည်။

ဂန္ဒီ (အိန္ဒိယနိုင်ငံရေးအတွက် တိုက်ပွဲဝင်ခဲ့သူ)

နိုင်ငံတကာ မှုခင်း

အုပ်စုဖွဲ့လုည့်စားခဲ့ပါသော်လည်း....

ဘော်လ်တီမိုးမြို့သည် အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်မြောက်ပိုင်းချီဆာပီကီပင်လယ်အော် ကမ်းခြေရှိ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် အားလျော်စွာ သာယာလှပကာ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နားခိုပြီး ကုန်တင်ကုန်ချပြုလုပ်ရာ စည်ကားလှသည့် မြို့ကြီးတစ်မြို့ ဖြစ်သည်။ လူဦးရေ ၁၀သိန်းကျော်နေထိုင်သည့်အတွက် လူနေထူထပ်သည်ဟု ဆိုရပေမည်။

ပြောင်းရွှေ့နေထိုင်ခဲ့

လွန်ခဲ့သော ၁၃နှစ်ဖြစ်သည့် ၁၉၉၅ ခုနှစ်က အသက် ၂၆နှစ်အရွယ်ရှိ ဆီတာခါဒန်နျူတန်ဆိုသည့် အမျိုးသမီးတစ်ဦးသည် ထိုစဉ်က အသက် ရှစ်နှစ်အရွယ်ရှိ ရီယာရမ်ကစ်ဆွန်းအမည်ရှိ သမီးလေးနှင့်အတူ သူမနေထိုင်ရာ ထရီနီဒက်နိုင်ငံမှ ဘော်လ်တီမိုးမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူမသည် အသက်၁၈နှစ်အရွယ်၌ သမီးလေး ရီယာရမ်ကစ်ဆွန်းကို မွေးဖွားခဲ့သည်။

ဆီတာခါဒန်နျူတန်သည် အမေရိကန်တွင် အလုပ်လုပ်ရင်း တက္ကသိုလ်ပညာကို ဆက်လက်သင်ယူချိန်တွင် သူမ၏ သမီးလေးအား ကျွေးမွေးပြုစုစောင့်ရှောက်ရာတွင် အတော်ပင် ရုန်းကန်ခဲ့ရသည်။ ခါဒန်နျူတန်သည် ဟိန္ဒူဘာသာဝင်ဖြစ်သော်လည်း သူမ၏ သမီး ရမ်ကစ်ဆွန်းမှာမူ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်လာသည်။ ရမ်ကစ်ဆွန်းသည် ခရစ်ယာန်ဘာသာကို များစွာသက်ဝင်ယုံကြည်ကာ ဘာသာရေးကိုင်းရှိုင်းလှသူဖြစ်သည်။ ခါဒန်နျူတန်၏ ကြည့်ရှုစောင့်ရှောက်ချိန်နည်းမှုကြောင့် ခရစ်ယာန်ဘာသာအဖွဲ့ဝင်များနှင့်အနေနီးစပ်ကာ ထိုကဲ့သို့ ခရစ်ယာန်ဘာသာဝင် ဖြစ်လာခြင်းဖြစ်သည်။ ရမ်ကစ်ဆွန်းသည် ယင်းဓလေ့ထုံးတမ်းအဖွဲ့များနှင့် အချိန်အတော်ကြာ ပေါင်းသင်းမိသောအခါ အကုသိုလ်လုပ်မိပြီး ငရဲကျမည်ကို စိုးရိမ်ပူပန်ခဲ့လေသည်။ ထို့ကြောင့် ခရစ်ယာန်ဘာသာကို ပိုမိုသက်ဝင် ယုံကြည်ကာ ဘာသာရေးအလွန်ကိုင်းရှိုင်းပြီး ကျင့်ကြံအားထုတ်မှုများကို ပိုမိုပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ ထိုသို့သက်ဝင်ယုံကြည်ရာမှ ဘာသာရေးကို ခုတုံးလုပ်သည့် မသမာသူလူတစ်စုကြောင့် သူမ၏ တစ်နှစ်အရွယ် သားငယ်လေးမှာ လူ့ဘဝသို့ ရောက်ရှိပြီး မကြာသေးမီမှာပင် လူ့လောကကို ကျောခိုင်း ထွက်ခွာသွားခဲ့ရကာသူမကိုယ်တိုင်လည်း တရားဥပဒေ၏ အရေးယူမှုကို ခံရမည့်အရေးနှင့် ကြုံကြိုက်ခဲ့ရသည်။

ရင်ဆိုင်ခဲ့ရ

ရမ်ကစ်ဆွန်း(**ယာပုံ**)သည် လွန်ခဲ့သော သုံးနှစ်ဖြစ်သည့် ၂၀၀၅ခုနှစ် စက်တင်ဘာလက သားဦးဖြစ်သူ ဂျာဗွန်သွမ်ပဆင်(**အပေါ်ယာပုံ**)ကို မွေးဖွားခဲ့သည်။ ထိုအချိန်မှစတင်ကာ ရမ်ကစ်ဆွန်းသည် ဘာသာရေးကိုခုတုံးလုပ်သူ မသမာသူတစ်စုနှင့် တွေ့ဆုံကာ သူမ၏ တစ်နှစ်အရွယ် ရင်သွေးငယ်ကလေးကို ထာဝရ လက်လွတ်ဆုံးရှုံးခဲ့ရပြီး သူမကိုယ်တိုင်လည်း ဥပဒေနှင့် ရင်ဆိုင်ခဲ့ရသည်။

ပစ်ထားခဲ့

ရမ်ကစ်ဆွန်းသည် ဘာသာရေးကို သက်ဝင် ယုံကြည်လွန်းသောကြောင့် မသမာသူတစ်စု၏ ထိန်းချုပ်စေစားခြင်းကို ခံရကာ ၂၀၀၆ခုနှစ် ဧပြီလတွင် ခုနစ်လသားအရွယ်ရှိ သားငယ်ဂျာဗွန်ကို ခေါ်ကာ မိခင်ဖြစ်သူ ဆီတာခါဒန်နျူတန်အား အသိမပေးဘဲ အိမ်မှထွက်ခွာသွားပြီး ယင်းမသမာသူလူစုနှင့် သွားရောက်ပူးပေါင်းနေထိုင်ခဲ့သည်။ ၂၀၀၆ ခုနှစ်ကုန်ပိုင်းတွင် အဆိုပါလူစုသည် မတ်တတ်ပြေးခါစ ဂျာဗွန်အား ထမင်းစားပြီးတိုင်း **“မှန်ပါစေသော်ဝ်”**ဟု ရွတ်ဆိုခိုင်းသည်။ ကလေးက ထိုကဲ့သို့ မရွတ်ဆိုမှုကြောင့် နှစ်ရက်ကြာ အစာရေစာဖြတ်ထားမှုကြောင့် သေဆုံးသွားသော ကလေးကို ၄င်းတို့နေထိုင်ရာ တိုက်ခန်း၏ အနောက်ဘက်အခန်းတွင် စွန့်ပစ်ထားခဲ့သည်။

ထပ်လောင်းပြောကြား

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် ဆီတာခါဒန်နျူတန်သည်ထိုလူစုနေထိုင်ရာ ဘရွတ်ကလင်းသို့ သွားရောက်ခဲ့စဉ် ၄င်း၏သမီးအား တိုက်ရိုက်တွေ့ဆုံခွင့်မရဘဲ တိုက်ခန်းတွင်းသုံးဖုန်းဖြင့် စကားပြောခွင့်ရသဖြင့်ပြောရာ သမီးဖြစ်သူက သူမ၏ ငယ်နာမည်ကို ခေါ်ကြောင်း၊ သူမ၏သား ဂျာဗွန် နေကောင်းကြောင်း ပြောခဲ့သည်ဟုဆိုသည်။ ထို့အပြင် သူမ၏သမီး ရမ်ကစ်ဆွန်းသည် မသမာသူလူတစ်စု၏ ထိန်းချုပ်လွှမ်းမိုးမှုကိုခံရပြီး သူတို့ခိုင်းစေသမျှကို လုပ်ဆောင်နေရ ဟန်တူကြောင်း ရဲတပ်ဖွဲ့အား ထပ်လောင်းပြောကြားခဲ့သည်။ ထို့အပြင် သင်းအုပ်ဆရာသည် ကလေးများကို ကိုယ်ထိလက်ရောက် စော်ကားခဲ့သည့်အတွက် အပြစ်ရှိကြောင်း သူမက ပြောကြားခဲ့သည်။

ထိုက်သင့်သောပြစ်ဒဏ်

ခါဒန်နျူတန်သွားရောက်ခဲ့ရာ တိုက်ခန်းသို့ ရဲတပ်ဖွဲ့က ခြေရာခံလိုက်ခဲ့ရာမှ ၄င်းလူစုအားဖမ်းမိခဲ့ပြီး တစ်နှစ်အရွယ် ဂျာဗွန်သွမ်ပဆင်ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားတစ်ဦးဖြစ်ပြီး မသမာသူအဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူနှင့်အတူ ၂၀၀၇ခုနှစ် အောက်တိုဘာလက တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။ ယင်း ၂၀၀၇ခုနှစ်အတွင်းမှာပင် ၄င်းလူစုများ နေထိုင်ရာ ဖီလာဒဲဖီးယားမြို့ရှိ အိမ်တစ်အိမ်၏နောက်ပိုင်းတွင် လက်ဆွဲသေတ္တာနှင့် ထည့်ထားသည့် အရိုးကျနေသော ဂျာဗွန်သွမ်ပဆင်၏အလောင်းကို တွေ့ရှိခဲ့ရသည်ဟုဆိုသည်။ ဂျာဗွန်သေဆုံးမှုနှင့် ပတ်သက်၍ အသက်၂၁နှစ်အရွယ်စီရီ ထရီဗီယာဝီလျံနှင့် မားကပ်စ်အေကော့ဘ်စ်တို့အား ဖမ်းဆီးတရားစွဲဆိုခဲ့သည်။ ရမ်ကစ်ဆွန်းကို ဖမ်းဆီးချိန်တွင် သူမသည် ဘော်လ်တီမိုးမြို့သို့ ပြန်ရောက်နေပြီး အိမ်မဲ့ယာမဲ့ ခြေသလုံးအိမ်တိုင်ကဲ့သို့ ဘဝမျိုး ရောက်နေသည်။ အသက် ၄၂နှစ်ရှိ သင်းအုပ်ဆရာ စတီဗင်ဘိုင်နွမ်ကို ဖမ်းဆီးရန် နယူးယောက်မြို့တွင် ရှာဖွေလျက်ရှိသည်။ ၄င်းတို့သည် ပြစ်မှုထင်ရှားပါက ထိုက်သင့်သောပြစ်ဒဏ် ကျခံရပေဦးမည်။

ယခုဖြစ်ရပ်တွင် ယုံကြည်မှုလွန်ကဲခဲ့သော ရီယာရမ်ကစ်ဆွန်းအား ဘာသာရေးဖြင့် ခုတုံးလုပ်ကာ အုပ်စုဖွဲ့လုည့်စားခဲ့ပါသော် လည်း ဥပဒေ၏ဆုံးမမှုကို ခံရဦးမည့် လူစု၏ သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်နှင့် အပြစ်မဲ့စွာ သေဆုံးခဲ့ရသော တစ်နှစ်အရွယ် ဂျာဗွန်သွမ်ပဆင်၏ ရင်နင့်ကြေကွဲဖွယ်ရာ ဖြစ်ရပ်ကို ရေးသား ဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ငယ်စဉ်ကပင် နေထိုင်သွားလာမှု စနစ်မကျလျှင် အရွယ်ရလျှင် ခါးနာရောဂါခံစားရဖွယ်ရှိ

အင်တာနက် ကျန်းမာရေး

နေထိုင်သွားလာမှု အနေအထားမမှန်ပါက အသက်အရွယ် ကြီးရင့်လာသည့်အခါ ခါးနာရောဂါ ခံစားရနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက သတိပေးလိုက်သည်။

သတိပြု

ခါးနာဝေဒနာ ခံစားနေရသည့် အသက်အရွယ်ကြီးရင့်သူများကို သုတေသနပြုကြည့်ခဲ့ရာ ငယ်စဉ်က အနေအထိုင် မဆင်ခြင်ခဲ့သူများဖြစ်ကြောင်း၊ သတိပြုပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခဲ့သူ အလွန်နည်းပါးကြောင်း ၄င်းတို့က ပြောကြားသည်။

အလေးအပင်မခြင်း

ထိုင်သည့်အခါ ခါးကိုမတ်မတ်ထားပြီးထိုင်လေ့ရှိရန် မိဘများက ငယ်စဉ်ကပင် သားသမီးများကို သွန်သင်ဆုံးမသင့်ကြောင်း၊ အလွန်အမင်းခါးကုန်းခြင်း၊ အလေးအပင်မခြင်း၊ ကလေးငယ်များအား ရုတ်တရက် လှမ်းယူ ချီပိုးခြင်းများကို ရှောင်ရှား သင့်ကြောင်းလည်း အကြံပြုထားသည်။

သွန်သင်သင့်

ထို့ကြောင့် ခါးနာခြင်းဝေဒနာ မကြုံတွေ့နိုင်ရန် ငယ်စဉ်ကပင် ရင်သွေးငယ်များအား သွန်သင်ဆုံးမသင့်ကြောင်း တိုက်တွန်းထားသည်။



ဘဝအမောပြေ

စောင့်နေပါ့မယ်....

ဆေးရုံအရေးပေါ်ဌာနသို့ ရောက်နေမှန်း သတိပြန်ရမှ သိရသော လူနာတစ်ဦးက ဆရာဝန်ကို အောက်ပါအတိုင်း မေးလေသည်။

လူနာ ။ ။ ကျွန်တော် ဘယ်ကိုရောက်နေတာလည်း ဒေါက်တာ။
ဒေါက်တာ ။ ။ ကားတိုက်ခံရလို့ပါ။
လူနာ ။ ။ ဟုတ်လား… ကျွန်တော်ဘာတွေများ ဖြစ်သွားသလဲ ပြောပြပေးပါဦး။
ဒေါက်တာ ။ ။ ခြေတစ်ဖက်နဲ့ လက်တစ်ဖက် ဖြတ်ပစ်လိုက်ရတယ်။
လူနာ ။ ။ ဟုတ်လား… ဒါဆို ကျွန်တော့်ဘဝ ဆုံးရှုံးပါပြီဒေါက်တာရယ်…။
ဒေါက်တာ ။ ။ ဒီလိုပေါ့ဗျာ… ဒါ့ထက်ဝမ်းသာစရာစကားပြောရဦးမယ်။
လူနာ ။ ။ ဘာများလည်း ဒေါက်တာ။
ဒေါက်တာ ။ ။ ခင်ဗျားကို ကားနဲ့တိုက်မိတဲ့လူ ဟိုဘက်ခုတင်မှာ မကြာခင်ကပဲ ဆုံးသွားပါပြီ။ သူက ခင်ဗျားကို အနူးအညွတ်တောင်းပန်စကား ပြောဖို့ စောင့်နေပါ့မယ်တဲ့။
လူနာ ။ ။ “ဗျာ”

အာကာသသိပ္ပံ

အာကာသ၌ တွင်းနက်လေးများစွာတွေ့ရှိ

အာကာသအတွင်း၌ သေးငယ်သော တွင်းနက်လေးများကို ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်အာကာသသုတေသနပညာရှင်များက ဩဂုတ်၂၁ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

များစွာသေးငယ်

အဆိုပါ တွင်းနက်လေးများ၏ အရွယ်အစားမှာ အလွန်သေးငယ်သော အိမ်များ၏ အရွယ်အစားမျှသာ ဖြစ်သည်။ နေဂြိုဟ်၏ အရွယ်အစားထက် အဆပေါင်းများစွာသေးငယ်ပြီး ကြယ်တာရာအစုအဖွဲ့အတွင်း၌ တည်ရှိနေခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိ

အမေရိကန်သုတေသနပညာရှင်များအနေဖြင့် အာကာသအဏုကြည့်မှန်ပြောင်းမှတစ်ဆင့် တွင်းနက်လေးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအာကာသ တွင်းနက်ကလေးများမှာ အရွယ်အစားသေးငယ်သော ကြယ်တာရာအစုအဝေးများအတွင်း တည်ရှိနေခြင်း ဖြစ်သည်။

ယခင်ကတွေ့ရှိခဲ့သော အာကာသတွင်းနက်များမှာ အရွယ်အစားကြီးမားသည့်အပြင် အရေအတွက်နည်းကြောင်း၊ ယခုတွေ့ရှိရသည့် အာကာသတွင်းနက်လေးများမှာ အရွယ်အစားသေးငယ်ပြီး အရေအတွက်လည်း များပြားကြောင်း သိရသည်။

မထိခိုက်

အဆိုပါ အာကာသတွင်းနက်လေးများမှာ အာကာသတွင်း ဘီလီယံနှင့်ချီသော ကြယ်တာရာများအကြား ဖြစ်ပေါ်နေပြီး ကြယ်တာရာအစုအဝေးကို မည်သို့မျှမထိခိုက်နိုင်ကြောင်း သိရသည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ပျူယဉ်ကျေးမှုဒေသဖြစ်သည့် သရေခေတ္တရာမြို့ဟောင်းရှိ ကုန်းအမှတ် (၃၉)၊ (၄၀)၊ (၄၁)နှင့် (၄၂)တို့ကို တူးဖော်သုတေသနပြု ပျူခေတ် ဗိသုကာလက်ရာများ၏ အဆင့်အတန်းမြင့်မားမှု သိရှိခဲ့ရ

နေပြည်တော် ဩဂုတ် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံအနှံ့အပြားရှိ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ရှေးဟောင်းဒေသများကို စဉ်ဆက်မပြတ် ဖော်ထုတ်သုတေသနပြုပြီး မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်ဆင့် ထွန်းကားခဲ့ပုံနှင့် ပျူလူမျိုးတို့၏ ယဉ်ကျေးမှုအထောက်အထားများ အဆင့်အတန်းမြင့်မားပုံတို့ကို ရှာဖွေဖော်ထုတ်လျက်ရှိရာ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ပျူယဉ်ကျေးမှုဒေသဖြစ်သည့် သရေခေတ္တရာ မြို့ဟောင်းရှိ ကုန်းအမှတ် ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့ကို တူးဖော်သုတေသန ပြုခဲ့သည်။

တာဝန်ယူပြုပြင်ထိန်းသိမ်း

ကုန်းအမှတ် ၃၉သည် ဘုရားမာစေတီတော်ကြီး၏ အောက်ခြေပစ္စယာကို စမ်းသပ် တူးဖော်ခြင်းဖြစ်ပြီး ဘုရားမာစေတီတော်ကြီးသည် ဒွတ္တပေါင်မင်းကြီး၏ ကောင်းမှုတော်ဟု အစဉ်အလာမှတ်သားခဲ့ကြကာ သရေခေတ္တရာ မြို့ဟောင်း၏ အရှေ့မြောက်ဘက်ပြည်-ပေါက်ခေါင်း ကားလမ်းဘေး ကုန်းရိုး-တွင်းပြည့် ကျေးရွာနယ်နိမိတ်အတွင်း တည်ရှိသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၁၉၅၈ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ စေတီတော်၏ လုံးပတ်တော်နှင့် ပစ္စယာ သုံးဆင့်တို့ကို ပြုပြင်မွမ်းမံခဲ့ပြီး ရှေးဟောင်း သုတေသနဦးစီးဌာနမှ လက်ရှိပထမပစ္စယာကို ၁၉၉၈ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ တာဝန်ယူပြုပြင်ထိန်းသိမ်းခဲ့သည်။

သိရှိတတ်ကျွမ်း

၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်ဘုရားမာစေတီတော်ကြီး၏ အောက်ခြေ ပစ္စယာ စမ်းသပ်တူးဖော်မှုအဖြစ် ကုန်းအမှတ် ၃၉ကို တူးဖော်ရာ၌တွေ့ရှိရသော အုတ်ရိုးတန်းများကို ဆက်စပ်သုတေသနပြုချက်အရ ထိုခေတ် ဗိသုကာပညာရှင်များသည် စေတီပုထိုးများတည်ထားရာ၌ အုံ့မခန်း ကြီးကျယ်ခမ်းနားစွာ တည်ဆောက်နိုင်ကြောင်းနှင့် စေတီတော်များ တည်ဆောက်ရာတွင် အဝိုင်းပုံသဏ္ဍာန် တည်ဆောက်လိုပါက အောက်ခြေ၌ လေးထောင့်ပုံသဏ္ဍာန်ခံ၍ ထောင့်ချိုးများဖြင့် ဖွဲ့စည်းသော ပစ္စယာများဆင့်၍ ယင်းအပေါ်တွင်မှ အဝိုင်းပုံသဏ္ဍာန် ထပ်ဆင့်တည်ဆောက်သည်ဟူသော အတွေးအမြင်နှင့်ပညာရပ်များကို ထိုခေတ် ဗိသုကာပညာရှင်များက သိရှိတတ်ကျွမ်းနေကြပြီဖြစ်ကြောင်း သိရှိရသည်။

အဆင့်အတန်းမြင့်မား

ကုန်းအမှတ် ၃၉ တူးဖော်ရာမှ အခြယ်အလှယ် ဒီဇိုင်းပါအိုးခြမ်းကွဲများ၊ အဖြူရောင် စဉ့်ထည်အကွဲစ၊ အုတ်ခွက်ဆင်းတု၊ Kangi စာလုံးပါအကြွေစေ့၊ အင်္ဂလိပ်ကျော့ခေါင်းပုံပါ အကြွေစေ့၊ အရိုးအိုး(အကွဲ)နှင့် ဆန်စေ့ခန့် ရွှေကွင်းစငယ်တို့ကို တူးဖော်တွေ့ရှိရသည်။ ကုန်းအမှတ်၃၉ ဘုရားမာစေတီအောက်ခြေပစ္စယာ စမ်းသပ်တူးဖော်ခြင်းဖြင့် ပျူခေတ်ဗိသုကာလက်ရာများ၏ အဆင့်အတန်း မြင့်မားမှုကို သိရှိရသည်။

ကုန်းအမှတ်၄၀မှာ သရေခေတ္တရာမြို့ဟောင်း၏ အရှေ့တောင်ဘက်မြို့ရိုးမှကိုက် ၁၀၀၀ခန့်အကွာ မှဌောကျေးရွာအနီးတည်ရှိပြီး တူးဖော် တွေ့ရှိမှုအရ အဆောက်အအုံ၏ အုတ်ရိုးတန်းများ၊ အိုးခြမ်းကွဲများ၊ မြေဆီမီးခွက်များ၊ မြေအရိုးအိုးများ၊ မြေမီးဖုတ် လောက်စာလုံးများ၊ သံမယ်န(အကျိုး)များ၊ မြေသပိတ်အကွဲနှင့် ပုတီးစေ့များကို တူးဖော် တွေ့ရှိရသည်။ကုန်းအမှတ် ၄၀ကို တူးဖော်သုတေသနပြု သုံးသပ်ရာတွင် သရေခေတ္တရာ ပျူတို့သည် လူတို့နေထိုင်ရန်အတွက် အဆောက်အအုံများကို သစ်၊ ဝါးတို့ဖြင့် ဆောက်လုပ်ကြသော်လည်း သာသနိကအဆောက်အအုံများကို အုတ်၊ သစ်တို့ဖြင့် ပေါင်းစပ်လုပ်ကိုင်ခဲ့ကြကြောင်းနှင့်တူးဖော်တွေ့ရှိ ကွင်းကျန်အဆောက်အအုံသည် ပျူခေတ်တွင် ခံ့ညားထည်ဝါစွာ ဆောက်လုပ်ခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

လူနေထိုင်မှုရှိခဲ့

ကုန်းအမှတ်၄၁မှာ သရေခေတ္တရာ မြို့ဟောင်းအပြင် တောင်ဘက်ရှိကုန်းဟောင်းများစွာမှ ကုန်းတစ်ကုန်းဖြစ်ပြီး တူးဖော်တွေ့ရှိမှုအရ လေးထောင့်အဆောက်အအုံငယ်တစ်ခုနှင့် အုတ်ရိုးတန်းရှည်များ၊ အိုးခြမ်းကွဲများ၊ ကြေးလင်းကွင်း(အပွဲ)၊ အုတ်ကွတ် အမိုးပြား(အကျိုး)များ၊ သံမယ်န(အကျိုး)များ၊ မြေအိုး(အကွဲ)များနှင့် အကျိုးအပိုင်းတို့ကို တူးဖော်တွေ့ရှိရသည်။ ကုန်းအမှတ်၄၁ကို တူးဖော်သုတေသနပြု သုံးသပ်ရာတွင် တွေ့ရှိရသော ကွင်းကျန် အုတ်ရိုးများသည် ပျူခေတ်နှောင်းပိုင်းကာလများတွင် ဆောက်လုပ်ခဲ့သော အဆောက်အအုံများဖြစ်ကြောင်းနှင့် တူးဖော်သုတေသနပြုရာမှ တွေ့ရှိရသည့် အထောက်အထားများအရ ပျူခေတ်ပျက်သုဉ်းပြီး နှောင်းပိုင်း၌လည်း လူနေထိုင်မှုများရှိခဲ့ကြောင်း သိရှိရသည်။

ကုန်းအမှတ် ၄၂ ရဟန္တာတံခါးပေါက်မှာ သရေခေတ္တရာမြို့ဟောင်း၏ တောင်ဘက်၌တည်ရှိပြီး တူးဖော်တွေ့ရှိမှုအရ ဝင်ပေါက်လက်တံနှစ်ဖက်၊ အမုတ်အသားပါ အုတ်ချပ်များ၊ လုံ့သွား၊ အိုးခြမ်းကွဲများ၊ မြေမီးဖုတ်အုတ်ဒိုး(အကွဲ)များနှင့် သံမယ်န(အကျိုး)များကို တူးဖော်တွေ့ရှိရသည်။

တွေးခေါ်ကြံဆ

ကုန်းအမှတ် ၄၂ ရဟန္တာတံခါးပေါက် တူးဖော် သုတေသနပြု သုံးသပ်ရာ၌ ရဟန္တာ မြို့ဝင်ပေါက် တည်ရှိရာမြို့ရိုးသည် မြို့ရိုးတစ်ထပ်မျှသာ ဖြစ်သော်လည်း အနီးဝန်းကျင်၌ ကုန်းမြင့်နှင့် လှိုများ ရှုပ်ထွေးစွာ ရှိနေကြခြင်းနှင့် မြို့ရိုးမြို့ဝင်ပေါက်၊ မြို့တံခါးများကို လေ့လာတွေ့မြင်ရခြင်းအရ ရှေးဟောင်း ပျူလူမျိုးများသည် သရေခေတ္တရာမြို့ကြီးကို မည်ကဲ့သို့ အဆင့်အတန်းမြင့်မားစွာ တွေးခေါ်ကြံဆ၍ တည်ဆောက်ကာကွယ်ခဲ့ကြကြောင်းနှင့် သရေခေတ္တရာမြို့၏ ဖွံ့ဖြိုးတိုးတက်ခဲ့မှု သမိုင်းစဉ်တို့ကို လေ့လာသုတေသနပြုနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယား အနုပညာရှင်များ

ပြည်ပအနုပညာသတင်း- မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

ဆိုးလ် ဩဂုတ် ၂၂

အာရှပရိသတ်များသာမက ကမ္ဘာ့ပရိသတ်များပါ တစ်ခဲနက်အားပေးမှုခံနေရသည့် တောင်ကိုရီးယား ရုပ်ရှင်အနုပညာကြယ်ပွင့်အချို့၏ သတင်းများကို ဖော်ပြလိုက်ရပါသည်-

ဘေယောင်ဂျွန်(ခ)ရှင်ဒေါင်ဟန့်

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဘေယောင်ဂျွန်(ခ)ရှင်ဒေါင်ဟန့်သည် မကြာမီရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့ ခရီးထွက်မည်ဖြစ်သည်။ ရှင်ဒေါင်ဟန့်အနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခုကိုလက်ခံရိုက်ကူးနေရာ သုံးပုံနှစ်ပုံခန့် ပြီးနေပြီဖြစ်သည်။

အာရှပရိသတ် အနှစ်ခြိုက်ဆုံး ရှင်ဒေါင်ဟန့်။

ဆန္ဒပြုခံရ

ရှင်ဒေါင်ဟန့်သည် တောင်ကိုရီးယားနိုင်ငံ၌ ဩဂုတ်လအတွက် ပရိသတ် အကြိုက်ဆုံး အနုပညာရှင်တစ်ဦးအဖြစ် ဆန္ဒပြုခြင်း ခံရသူဖြစ်သည်။ သူ့အနေဖြင့် အနုပညာလုပ်ငန်းများအပြင် စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ရန်အတွက် ဂျပန်နိုင်ငံ၌ စားသောက်ဆိုင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ သူ၏စားသောက်ဆိုင်မှာ တောင်ကိုရီးယားရိုးရာ အစားအစာများ၊ ကင်ချီကဲ့သို့သော ကမ္ဘာကျော်ရိုးရာ ခလေ့အစားအစာများကို စနစ်တကျ တည်ခင်းကျွေးမွေးသွားမည် ဖြစ်သည်။

ထို့အပြင် တိုကျိုမြို့ရှိ စူပါမားကတ်နှင့် ကုန်ပဒေသာဆိုင်များတွင်လည်း တောင်ကိုရီးယား ရိုးရာအစားအစာများကို ကျယ်ကျယ်ပြန့်ပြန့် သန့်ရှင်းစွာ ရောင်းချသွားမည်ဖြစ်ပြီးလာမည့် စက်တင်ဘာ ၄ရက်၌ ဆိုင်ဖွင့်တော့မည်ဖြစ်ရာ သူ၏အစားအစာများကိုလည်း အားပေးသူများစိတ်ဝင်စားလာအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်ရှိ ရှင်ဒေါင်ဟန့်၏ပရိသတ်များကလည်း အားပေးရန် စောင့်ဆိုင်းနေပြီ ဖြစ်သည်။

ဆောင်းဟေကို(အွန်စော)

တောင်ကိုရီးယားသာမက ကမ္ဘာ့ရုပ်ရှင်ပရိသတ်တွေ စောင့်မျှော်အားပေးမှုကို အပြည့်အဝရရှိထားသည့် တောင်ကိုရီးယားအမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်သည့် ဆောင်းဟေကိုမှာ ၂၀၀၇-၂၀၀၈ခုနှစ်၏အထူးချွန်ဆုံးနှင့်ပရိသတ်အကြိုက်ဆုံးသရုပ်ဆောင်ဆုကိုရွေးချယ်ခံထားရသူ ဖြစ်သည်။

ချစ်စဖွယ် အွန်စော၏ဟန်။

ရုပ်ရှင်ပွဲတော်

ဆောင်းဟေကိုသည် မကြာမီရက်ပိုင်းကနယူးယောက်မြို့တွင်ကျင်းပခဲ့သည့် နယူးယောက်ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့သည်။

နယူးယောက် ရုပ်ရှင်ပွဲတော်၌ ဆွဲဆောင်မှုအရှိဆုံးနှင့် ပရိသတ်များနှစ်သက်အားပေးမှုအရှိဆုံး အာရှသရုပ်ဆောင်တစ်ဦးအဖြစ်လည်း ရွေးချယ်ခံရသည်။

သရုပ်ဆောင်

တောင်ကိုရီးယား၌လည်း ဆောင်းဟေကို ပါဝင်သရုပ်ဆောင်ထားသည့် "Hwang Jin Yi" ရုပ်မြင်သံကြား ဇာတ်လမ်းကို ထုတ်လွှင့်ပြသလျက်ရှိသည်။ ထိုရုပ်မြင်သံကြား ဇာတ်လမ်းကို ဒါရိုက်တာချန်ယွန်ဟွာက ရိုက်ကူးထားခြင်းဖြစ်ပြီး ဆောင်းဟေကိုနှင့်အတူ ယိုဂျီတေးက ပါဝင်သရုပ်ဆောင်ထားသည်။

ရက်ပြည့်နေပြီ

၂၀၀၇-၂၀၀၈ တောင်ကိုရီးယားနိုင်ငံ၏ အကောင်းဆုံး အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ဆု ရွေးချယ်ခံရသည့် ဆောင်းဟေကိုသည် ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ရုပ်ရှင်နှင့်ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးရန် ရက်ပြည့်နေပြီဖြစ်သည်။ထိုသို့ရုပ်ရှင်နှင့်ရုပ်မြင်သံကြားရိုက်ကူးမှုတွင် ပြည်ပရိုက်ကူးမှုများလည်း ပါရှိကြောင်း သိရသည်။

လီဒေါင်ဂန် (ဒါရိုက်တာရင်)

အာရှ အမျိုးသမီးပရိသတ်များသည်းသည်းလှုပ် အားပေးမှုခံနေရသည့် တောင်ကိုရီးယားအမျိုးသား သရုပ်ဆောင် လီဒေါင်ဂန်(ဒါရိုက်တာရင်)ကလည်း သူ၏ အနုပညာလှုပ်ရှားမှု တစ်ရပ်အဖြစ် တေးသီချင်းအယ်လ်ဘမ်တစ်ခုကို ဩဂုတ်၂၀ရက်က စတင်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဂျပန်သို့သွားမည့်ဒါရိုက်တာရင်။

တေးအယ်လ်ဘမ်ထုတ်လုပ်

အဆိုပါ တေးအယ်လ်ဘမ်မှာ ဒါရိုက်တာရင်၏ အနုပညာ၁၀နှစ်တာခရီးအတွင်း သီဆိုခဲ့သော ရုပ်ရှင်တေးသီချင်းနှင့် ခေတ်ပေါ်တေးသီချင်းသစ်များကို စုပေါင်းထည့်သွင်း ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ ဆိုနီကုမ္ပဏီကလည်း ဒါရိုက်တာရင်နှင့် ရုပ်မြင်သံကြားရိုက်ကူးမှုနှင့် တေးအယ်လ်ဘမ်ထုတ်လုပ်မှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

ဖြန့်ချိခဲ့ဖူး

ဂျပန်နိုင်ငံ၌ လောလောဆယ်တွင် ဆိုနီက တာဝန်ယူဖြန့်ဝေလျက်ရှိသည့် ဒါရိုက်တာရင်၏ "My Biography" ဆိုသည့် တေးအယ်လ်ဘမ်ကို ဖြန့်ချိလျက် ရှိနေသည်။ ဒါရိုက်တာရင်အနေဖြင့် သူ၏ ပထမဆုံးတေးအယ်လ်ဘမ်ကို ၁၉၉၈ခုနှစ်က ဖြန့်ချိခဲ့ဖူးသည်။

ဆိုနီအနေဖြင့် ဒါရိုက်တာရင်နှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၊ ရုပ်ရှင်နှင့် ကြော်ငြာများရိုက်ကူးရန် ယခု နှစ်ဆန်းကပင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ ဆိုနီနှင့်ဒါရိုက်တာရင်တို့၏ ပူးပေါင်းမှု အနုပညာများကို မြင်တွေ့ရတော့မည်ဖြစ်သည်။ ယခု ဖြန့်ချိလိုက်သည့် တေးအယ်လ်ဘမ်တွင် တောင်ကိုရီးယားသီချင်း ခြောက်ပုဒ်နှင့် ဂျပန်သီချင်းခြောက်ပုဒ်ပါ ရှိသည်။ ထို့အပြင် အခြားသီချင်း နှစ်ပုဒ်နှင့်အထူးသရုပ်ဆောင်မှု ရိုက်ချက်များ ပါဝင်ကြောင်း သိရသည်။

ဒါရိုက်တာရင်သည် ယခုအခါ ဂျပန်နိုင်ငံသို့ရောက်ရှိနေပြီး ဩဂုတ် ၂၂ရက်က တိုကျိုမြို့၌ တေးဂီတဖျော်ဖြေပွဲတစ်ရပ် ကျင်းပခဲ့သည်။

ယွန်ဟွမ်ဟေ(ရှန်ဝွန်း)

တစ်ရှိန်ထိုး အောင်မြင်လာသော ရှန်ဝွန်း။

တောင်ကိုရီးယား၌ ပရိသတ်များ လက်ခံအားပေးမှုအရှိန်အဟုန်နှင့် ရရှိလာသူ အမျိုးသမီး သရုပ်ဆောင်တစ်ဦးမှာ ယွန်ဟွမ်ဟေ(ရှန်ဝွန်း)ပင် ဖြစ်သည်။ ရှန်ဝွန်းသည် လာမည့်လ၌ ဂျပန်နိုင်ငံသို့ သူ၏ပရိသတ်နှင့်တွေ့ဆုံရန် သွားရောက်မည် ဖြစ်သည်။ ထိုသို့ သူ၏ပရိသတ်နှင့်တွေ့ဆုံရန်အတွက် စက်တင်ဘာ ၁၉ရက်၌ တိုကျိုမြို့ ဆန်းပလာဇာခန်းမ၌ စီစဉ်ထားသည်။

စက်တင်ဘာ၁၉ရက်သည် ရှန်ဝွန်းမွေးနေ့ဖြစ်ရာ နှစ်စဉ် မွေးနေ့တိုင်း ဂျပန်၌ လာရောက်ကျင်းပရန် ဂျပန်ပရိသတ်များက တောင်းဆိုထားသဖြင့် လာမည့်လ၌ ရှန်ဝွန်း ဂျပန်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခင်က အဆိုတော် တစ်ဦးအဖြစ် ရပ်တည်ခဲ့ပြီး ရုပ်ရှင် လောကကိုပါ ကူးပြောင်းလာသည့် ရှန်ဝွန်းသည် သူမ၏ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲဖြစ်သော "Gung"၌ ထင်ပေါ်ကျော်ကြား လူကြိုက်များခဲ့ခြင်း ဖြစ်သည်။

ထို့နောက်"Palace"၊"Coffee Prince" စသည့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများမှာ ရှန်ဝွန်း၏ အောင်မြင်မှုအရရှိဆုံး ရုပ်မြင်သံကြားဇာတ်လမ်းတွဲများပင် ဖြစ်ပါကြောင်း။ ။

လီအီးအွန်

သရုပ်ဆောင် လီအီးအွန်။

နောက်ထပ် နာမည်ကြီးလာသည့် တောင်ကိုရီးယားရုပ်ရှင် သရုပ်ဆောင်တစ်ဦးမှာ လီအီးအွန် ဖြစ်သည်။ ထင်ရှားသော မော်ဒယ်တစ်ဦးလည်းဖြစ်ပြီး အောင်မြင်ကျော်ကြားလာသည့် သရုပ်ဆောင်တစ်ဦးလည်းဖြစ်သည်။ အသက် ၂၇နှစ် အရွယ်သာရှိသေးသည့် လီအီးအွန်မှာဩဂုတ်၂၁ ရက်က မော်တော်ဆိုင်ကယ် မတော်တဆဖြစ်မှုကြောင့် သေဆုံးသွားခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

သေဆုံး

လီအီးအွန်မှာ"**ကော်ဖီချစ်သူ**" ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်ပြီး "Chilwu, the Mighty"ရုပ်မြင်သံကြား စီးရီးအတွက် ပါတီပွဲတက်ရောက်ပြီး နေအိမ်အပြန်လမ်း၌ မော်တော်ဆိုင်ကယ် မတော်တဆမှု ဖြစ်ပွားပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။

(ကိုးကား-အင်တာနက်)

● ရှေ့ဖုံးမှ

သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူ အသီးသီးမှ အောက်ခြေအဆင့်အထိ ကွင်းဆင်းပြီး နားလည် သဘောပေါက်အောင် ဆက်စပ်ဆောင်ရွက်ပေးရန်၊ အနည်းငယ်မျှ ထပ်မံအားစိုက်ရုံမျှဖြင့် ဝမ်းစာဖူလုံရေး ပြည့်မီသွားမည့် အခြေအနေတွင်ရှိ၍ တက်တက်ကြွကြွ ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊ မကွေးတိုင်းအတွင်း ဖူလုံပိုလျှံနေသည့် ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးကိုလည်း အရည်အသွေး ပြည့်မီကောင်းမွန်ပြီး စံချိန်မီ နိုင်ငံခြားပို့ကုန်ရရှိရေး ဆောင်ရွက်ရန်နှင့် ငွေချည် (၆)ဝါစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ပြီး ယခင်ဝါမျိုးဟောင်းနေရာတွင် ရာနှုန်းပြည့်အစားထိုးနိုင်ရေး စီမံဆောင်ရွက်ရန်စသည်ဖြင့် ပြောကြားသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ရွှေးဦးစွာ တိုင်း၊ ခရိုင်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက်လုပ်ငန်း ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအပေါ် စေတနာအပြည့်အဝထားကာ အကြံပေးဆောင်ရွက်ကြရန်၊ စက်သုံးဆီ ဖူလုံစေရန်၊ ဇီဝဒီဇယ်အစားထိုး ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးသွားကြရန် ဒေသအေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန်နှင့် မကွေးတိုင်းအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်း/ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဆောက်လုပ်ရေးယန္တရားပင်မ(တောင်)ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီး ဒေါ်ကြင်မြိုင်တို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းနိုင်က ရန်ကုန်မြောက်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဖျော်ဖြေ

ယင်းနောက် အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသူလေးများနှင့် တေးသံရှင်များက ယိမ်း၊ အဆို၊ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က သီဆိုဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ဝါသနာရှင် (ပထမတန်း) ပြိုင်ပွဲတွင် ၂၈ ဦးနှင့် ဝါသနာရှင် (ဒုတိယတန်း) ပြိုင်ပွဲတွင် ၁၅၇ဦး စုစုပေါင်း ၁၈၅ ဦးပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲများကို ဩဂုတ် ၂၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

စိုက်ပါ စားပါ အရသာ မတူမြတ်ပီတိ

ရေတောင်တောရ နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဝရ နိဗ္ဗာန်ရောက်ကြောင်းတရားတော် ချီးမြှင့်တော်မူမည်

ရန်ကုန် ဩဂုတ် ၂၂

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ ၄ ရပ်ကွက်ရှိ ရေတောင်တောရ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၏ ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဝရသည် ရေးမြို့နယ် လမိုင်းမြို့ နတ်ရေကန် ဓမ္မရိပ်သာတွင် ဝါခေါင်လပြည့်ကျော် ၇ရက်မှ ၁၃ ရက် (ဩဂုတ် ၂၃ ရက်မှ ၂၉ ရက်အထိ) ခုနစ်ရက်တိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ချီးမြှင့်တော်မူမည် ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးစည်းဝေး

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ၁၉၈၂မှ ၁၉၈၈(၉၁) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၇ရက်က မြေနီကုန်း မဟာဌာနီကဖေးနှင့် စားသောက်ဆိုင်၌ ကျင်းပသည်။

ဆွေးနွေးညှိနှိုင်း

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးဘတင့်ဆွေနှင့် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်မြင့်တို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး ၁၉၈၂ ခုနှစ် ကျောင်းသားများကိုယ်စားဒေါ်တင်တင်ဝါ၊ ၁၉၈၃ခုနှစ် ကျောင်းသားများကိုယ်စား ဒေါ်မင်းမင်းကျော်၊ ၁၉၈၄ခုနှစ် ကျောင်းသားများ ကိုယ်စား ဒေါ်ကျော့မြခင်၊ ၁၉၈၅ခုနှစ် ကျောင်းသားများကိုယ်စား ဒေါက်တာတင်ဌွေးအိ၊ ၁၉၈၆ခုနှစ် ကျောင်းသားများကိုယ်စား ဒေါ်မေထွန်းထွန်းအေးနှင့် ဒေါ်နှင်းနှင်းအေး၊ ၁၉၈၇ခုနှစ် ကျောင်းသားများကိုယ်စား ဦးခင်မောင်စိုး၊ ၁၉၈၈ခုနှစ် ကျောင်းသားများကိုယ်စား ဦးထိန်လင်းဦးတို့က အခမ်းအနားကျင်းပရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

အာစရိယပူဇော်

တတိယအကြိမ် ဥပဒေပညာဌာန ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၁၁၈)

လင်းခေးမြို့နယ်တွင် မိုးစပါးကောက်စိုက်စွမ်းရည်ပြိုင်

ရန်ကုန် ဩဂုတ် ၂၂

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၈ခုနှစ် မိုးစပါးကောက်စိုက်စွမ်းရည် ပြိုင်ပွဲကို ဩဂုတ်၁၀ရက် နံနက် ၇နာရီက လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာ တောင်သူဦးစိုင်းနို၏ လယ် ၂၃သမ၅ ဧက ကွက်တွင် ကျင်းပသည်။

ကောက်စိုက်ပြိုင်ပွဲသို့ နယ်မြေခံ တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးအေးအောင်နှင့်အရာရှိများ၊ လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပုန်းထွန်ကျေးရွာမှ ဒေသခံလယ်သမားများနှင့် ပြိုင်ပွဲဝင် အသင်းခြောက်သင်းမှ ကောက်စိုက်လုံမေများ စုစုပေါင်းအင်အား ၅၀၀ကျော် တက်ရောက်ကြသည်။

ကောက်စိုက်စွမ်းရည်ပြိုင်

ပြိုင်ပွဲမစတင်မီ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာဦးဝင်းလှိုင်က ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးသူရိန်ထွန်းနှင့် အဖွဲ့ဝင် ဒုတိယရဲမှူးမောင်ဆန်းတို့က ကောက်စိုက်လုံမေထံ ကောက်စိုက် တန်းကြိုးများကို ပေးအပ်ကာ ပြိုင်ပွဲဝင်မည့် ကောက်စိုက်လုံမေများ ပြိုင်ကွက်အတွင်း စနစ်တကျ နေရာယူပြီးနောက် ကောက်စိုက် စွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပရာ တပ်နယ်မှူး၊ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

ဆုချီးမြှင့်

ပြိုင်ပွဲကျင်းပပြီးနောက် ဆုရရှိသည့် ကောက်စိုက်အသင်းများအားမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်စိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ရာ ဆုရရှိသူများက လက်ခံယူကြသည်။**(အပေါ်ဝဲပုံ)**

(ခရိုင် ပြန်/ဆက်)

ရှင်းလင်းပြောကြား

သနန္တနဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ် (ရန်ကုန်)မှ ကြီးမှူး၍ ဟိန္ဒူမိသားစုများ၏ မေတ္တာနှောင်ကြိုးချည်နှောင်ပွဲတော်ကို ဩဂုတ် ၁၆ရက် (မေတ္တာအခါတော်နေ့)က သန်လျင်မြို့ ကျိုက်အင်းရှိ မင်္ဂလာဓမ္မရိပ်သာ၌ ကျင်းပရာ သဘာပတိ ဟိန္ဒူဗဟိုကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒရားမ်က ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်း တောင်ဒဂုံစက်မှုဇုန်(၃) ဒဂုံရိပ်မွန်အိမ်ရာ သဇင်လမ်း အမှတ်၁၆၅ နေ ဦးသိန်းမင်း(ကိုသိန်းမင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)- ဒေါ်ခင်ခင်ဝင်း၊ သမီး မသက်နှင်းဆုပြည့် (၈)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အထက(၂)ပဲခူး ရွှေရတုသဘင်

ရန်ကုန် ဩဂုတ် ၂၂

ပဲခူးမြို့ အထက(၂) နှစ်(၅၀)ပြည့် ၁၉၅၈-၂၀၀၈ ရွှေရတုသဘင်အခမ်းအနားနှင့် ရွှေရတု ခန်းမဆောင်ဖွင့်ပွဲ၊ ပညာရေး မြှင့်တင်မှုအလှူငွေပေးအပ်ပွဲနှင့် မိတ်ဆုံစားပွဲတို့ကို နိုဝင်ဘာ၁၅ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၇ နာရီအထိ၊ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေရတုခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ အထက(၂) ပဲခူး နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းကို ကျင်းပရေးကော်မတီမှ ဖြန့်ဝေနေပြီဖြစ်ပြီး ဆက်သွယ်လှူဒါန်းလိုပါက ကျောင်းအုပ် ဆရာမကြီး ဒေါ်ထားထားဆွေ အထက(၂) ပဲခူးဖုန်း-၀၅၂-၂၁၂၀၉၊ ဦးမြင့်သန်း (ရန်ကုန်) ဖုန်း-၀၁-၅၀၃၀၆၉၊ ဦးမြိုင် (ရန်ကုန်) ဖုန်း-၀၁-၅၁၃၅၆၁၊ ၀၉-၅၁-၈၄၉၄၉၊(အတွင်းရေးမှူး)ဦးထွန်းမင်း(ပဲခူး)ဖုန်း-၀၅၂-၂၂၈၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၆၇)

ကြည့်သူ၏စိတ်နှလုံးကို ညှို့ယူသိမ်းကျုံး ဖမ်းစားနိုင်သည့် အဇ္ဈာ မြန်မာ ပထမအကြိမ် ပန်းချီပြပွဲ

ပန်းချီအနုပညာသတင်း - မောင်မောင်မြင့်ဆွေ ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် ဩဂုတ် ၂၂

ပန်းချီကားတစ်ချပ်သည်ကြည့်သူ၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်ဖမ်းစားနိုင်လျှင် ထိုပန်းချီကားမျိုးမှာ မိမိနှင့်လက်တစ်ကမ်း၌ အမြဲတမ်းချိတ်ဆွဲထားသင့်သည့် ပန်းချီကားပင်ဖြစ်သည်။ အကြောင်းမှာ အနုပညာမှပေးသော ခံစားမှုရသသည် အမြဲတမ်းစိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေမှုကြောင့်ပင်ဖြစ်သည်။

"လက်ရာသန့် ပန်းချီကားတွေကို ပရိသတ်တွေ ခံစားစေချင်လို့ပါ"
ပန်းချီ-လှထွန်းအောင်

ထိုသို့သော ပန်းချီကားမျိုးများချည်း ရွေးချယ် ပြသထားသော ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄လမ်း(အထက်)၌ရှိသည့် **'အဇ္ဈာ အနုပညာခန်းမ'**တွင် ခင်းကျင်းပြသထားသော **'အဇ္ဈာ မြန်မာ ပထမအကြိမ်ပန်းချီပြပွဲ'**သို့ လေ့လာရေးတစ်ခေါက် ရောက်ဖြစ်ခဲ့သည်။ လေအေးစက်တပ်ထားသော ခန်းမအတွင်း ချိတ်ဆွဲပြသထားသော ပန်းချီကားများကို ကြည့်ရှုရသည်မှာ စိတ်ချမ်းမြေ့စရာပင်ဖြစ်သည်။

ရှင်းပြ

"ပန်းချီဆရာတွေအနေနဲ့ သူတို့ရဲ့ အနုပညာနဲ့ စိတ်တိုင်းကျရေးဆွဲထားတဲ့ ပန်းချီကားတွေကို ပရိသတ်တွေ မြင်တွေ့ခံစားစေချင်တဲ့ ဆန္ဒနဲ့ ခင်းကျင်းပြသထားတာပါ။ မြန်မာနိုင်ငံတစ်ဝန်း မြင်ကွင်းတွေ၊ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့နေထိုင်ပုံတွေနဲ့ မန္တလေး၊ ပုဂံ စတဲ့ဒေသတွေက မြင်ကွင်းတွေကို ရေးဆွဲထားကြတာပါ"ဟုပန်းချီပြပွဲကိုတာဝန်ခံကျင်းပသူ ပန်းချီလှထွန်းအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပြခန်းအတွင်း ပန်းချီကားများကို လေ့လာကြည့်သည့်အခါ ရေဆေး၊ ဆီဆေးနှင့်အခရိုင်းလစ်တို့ဖြင့်ရေးဆွဲထားသော ပန်းချီကားများကို တွေ့ရသည်။ စုစုပေါင်းပန်းချီဆရာ ၂၀ တို့၏ ပန်းချီကား ၅၂ကားကို ဆိုက်မျိုးစုံ ပြသထားရာ အခန်းအကျယ်အဝန်းနှင့် ပန်းချီကားအရေအတွက်မှာ အလိုက်သင့်ဖြစ်နေပြီး လေ့လာသူအတွက် သက်သောင့်သက်သာရှိလေသည်။

လှုပ်ရှားမှုမြင်ကွင်း

ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပန်းချီကားများအနက် ပန်းချီဆရာသိန်းမြင့်သိန်း၏**'ဆိပ်ကမ်း'**ဟု အမည်ပေးထားသည့် ပန်းချီကားမှာ အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်သည်။ မောင်းမကန်ဆိပ်ကမ်းတစ်နေရာတွင်ငါးလှေများဆိုက်ကပ်ချိန် နံနက်ခင်းလှုပ်ရှားမှုမြင်ကွင်းဖြစ်သည်။ နံနက်ခင်း အလင်းရောင်ကမ်းစပ် ရိုက်ခတ်နေမှု၊ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၏ လှုပ်ရှားနေမှုကို အပြာရောင်အုပ်စုအခြေခံပြီး ရေးဆွဲထားပုံမှာ အသက်ဝင်လှသည်။ ၄ပေ × ၃ပေ ဆိုက်ကြီး ပန်းချီကားဖြစ်သဖြင့် အပြာရောင်တောင်တန်း၊ အလင်းရိုက်ခတ်နေသည့် ရေပြင်၊ ဘဝအတွက် လှုပ်ရှားနေသူများအား နီညို၊ အစိမ်းရောင်တို့ဖြင့် ခြယ်မှုန်းထားရာ တကယ့် လှုပ်ရှားမှုမြင်ကွင်းကို တွေ့မြင်နေရသလို ခံစားရသည်။

ရုပ်လုံးကြွ

'လက်ပံပင်'ဟု အမည်ပေးထားသည့် ပန်းချီကားမှာ လှထွန်းအောင်၏ ရေဆေးပန်းချီကား ဖြစ်သည်။ အမရပူရမြို့ အပြင်ရှိ လက်ပံပင်ကြီး၏ နွေရာသီလက်ပံပွင့်စချိန်ကို အနီ၊ အစိမ်း၊ အပြာ၊ မီးခိုး အရောင်တို့ဖြင့် ရေဆေးကို နိုင်နင်းစွာ ရေးဆွဲထား

"ကလေးငယ်"ဟု အမည်ပေးထားသည့် ပြည်ကျော်ဟန်၏ အခရိုင်းလစ် ပန်းချီကားကလည်း အရောင်သုံးစွဲမှုနှင့် စုတ်ချက်ရေးဆွဲမှုက ပီပြင်လှသည်။

သည်မှာ ရင်သပ်ရှုမောဖွယ် ဖြစ်သည်။ အပင်ခြေရင်း မြေပြင်၌ လက်ပံပွင့်လေးများ ကြွေကျနေပုံကလည်း အနီရောင်ကို လိုသလောက်သာ သုံးထားသဖြင့် ကဗျာဆန်စွာပေါ်လွင်နေသည်။ စုတ်ချက် ညက်ညောပြီး အရောင်ရွေးချယ်မှုမှန်ကန်သည်ဖြစ်ရာ လက်ပံပင်မှာ ရုပ်လုံးကြွနေသည်။

ပန်းချီ ကိုမောင်ကျော်သန်း၏ **'အာနန္ဒာဘုရားပွဲ'** ပန်းချီကားမှာ အာနန္ဒာနှင့် သဗ္ဗညုဘုရားသို့ သွားရာလမ်းဆုံနေရာမှနေ၍ အာနန္ဒာဘုရားပွဲမြင်ကွင်းကို ရေးဆွဲထားခြင်းဖြစ်သည်။ အနွေးရောင်၊ အပူရောင်နှင့် အအေးရောင်များကို အလိုက်သင့် ပေါင်းစပ်ရေးဆွဲထားခြင်းဖြစ်ရာအာနန္ဒာဘုရား၊ မြင်းလှည်းနှင့် လူများ၏ လှုပ်ရှားမှုမှာ ဟန်ချက်ညီမျှနေသည်။ ရှုထောင့်ကောင်းသည့်အပြင် ဖွဲ့စည်းမှုကောင်းသော ပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။



"အာနန္ဒာဘုရားပွဲမြင်ကွင်းကို အကောင်းဆုံးနေရာက ရေးဆွဲထားခြင်း ဖြစ်ပါတယ်"
ပန်းချီ-ကိုမောင်ကျော်သန်း

ခံစားရ

ပြခန်းအတွင်း ထူးထူးခြားခြား အနေဖြင့် ကာတွန်းဆရာ ရွှေမင်းသား၏ပန်းချီလက်ရာဖြစ်သည့်**'ဆိပ်ကမ်း'**ဟု အမည်ပေးထားသော ရေဆေးပန်းချီကားကိုလည်း လေ့လာခွင့်ရရှိခဲ့သည်။ ပန်းချီအမည် မောင်လှိုင်ဟု ရေးထိုးထားသည်။ ကာတွန်းရွှေမင်းသား၏ လက်ရာမှာ သစ်ဖောင်၏ အလျားလိုက် မြင်ကွင်းကို အမြင့်ရှုထောင့်မှ ရေးဆွဲထားခြင်းဖြစ်သည်။ သစ်ဖောင်၊ သစ်ဖောင်အပေါ်မှတဲ၊ စေတီ၊ သင်္ဘောနှင့် ကမ်းစပ်တို့ကို လိမ္မော်၊ အညိုအုပ်စုများဖြင့် အမြင်ဆန်းစွာ ရေးဆွဲထားရာ အရောင်သုံးစွဲမှု ပြေပြစ်သဖြင့် အဆင့်မြင့်သော ပန်းချီလက်ရာအဖြစ် မြင်တွေ့ခံစားရသည်။

ထိမိ

ထို့အတူ ပန်းချီဆရာပြည်ကျော်ဟန်၏ **'ကလေးငယ်'**၊ ပန်းချီနေထွန်း၏ ရေဆေးပန်းချီကားဖြစ်သည့် **'ကံ့ကော်'** ပန်းချီကားများကလည်း ကြည့်သူရင်ကို စွဲငြိစေအောင် အရောင်သုံးစွဲမှုနှင့် စုတ်ချက်ရေးဆွဲမှု ထိမိလှသည်။

ဖြန့်ဝေ

ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပန်းချီကားတိုင်း လက်ရာသန့်ပြီး ခံစားမှုရသပေးနိုင်စွမ်းရှိရာ ဩဂုတ်၂၀ရက်မှစက်တင်ဘာ၂၀ရက်အထိ ခင်းကျင်းပြသလျက်ရှိသည့် **'အဇ္ဈာ မြန်မာ ပထမအကြိမ် ပန်းချီပြပွဲ'**သို့ ပန်းချီဝါသနာရှင်များ မဖြစ်မနေ သွားရောက်လေ့လာသင့်ပါကြောင်း အနုပညာသတင်း ဖြန့်ခင်းပေးလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

ပန်းချီဆရာ သိန်းမြင့်သိန်း၏ 'ဆိပ်ကမ်း'အမည်ရှိ ပန်းချီကား၏ လှုပ်ရှားသက်ဝင်မှုကို အပြာရောင်နောက်ခံတွင် အလင်းရိုက်ခတ်နေသည့် ရေပြင်ဖြင့်ခြယ်မှုန်းထားသည်ကို ဤသို့တွေ့ရသည်။

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပီတ်သတင်း

အိန္ဒိယမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်၌ ရေလွှမ်း ၇၄ဦးသေဆုံး၊ ဒေသခံ ၈၀၀၀၀ခန့် ရေဘေးကြုံတွေ့

မွန်ဘိုင်း ဩဂုတ် ၂၂

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် ဩဂုတ် ၂၂ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ရာ**(အောက်ပုံ)** ၇၄ ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ကယ်ဆယ်

ရေလွှမ်းမှု ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့သော နေရာများမှာ စီတာပူရာ၊ ဘီဟာနှင့် အာသံပြည်နယ်များတွင်ဖြစ်ပြီး ရေလွှမ်းမှု၊ နေအိမ်ပျက်စီးမှုများကြောင့် သေဆုံးဒဏ်ရာရမှုများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။ရေလွှမ်းမှုကြောင့် ဒေသခံ ၈၀၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖလော်ရီဒါပြည်နယ်၌ မုန်တိုင်းမွှေနှောက် နေအိမ်များပျက်စီး၊ ဓာတ်အားပြတ်တောက်

တမ်ပါ ဩဂုတ် ၂၂

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်းတွင် ဩဂုတ်၂၂ရက် နံနက်က မုန်တိုင်းမွှေနှောက် တိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့ကြောင်း(အောက်ပုံ) **အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။**

ရေလွှမ်း

အဆိုပါ မုန်တိုင်းသည် တစ်နာရီလျှင် မိုင်၅၀ကျော် တိုက်ခတ်ခဲ့သဖြင့် နေအိမ်များပျက်စီးပြီး ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း၊ မုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အချို့နေရာများ ရေလွှမ်းလျက်ရှိကြောင်းသိရသည်။

အင်ဒိုနီးရှားအရှေ့ပိုင်း ဆူလာဝေစီ၌ ငလျင်လှုပ် နေအိမ်အချို့ ပျက်စီး

ဂျကာတာ ဩဂုတ် ၂၂

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ဆူလာဝေစီပြည်နယ် အလယ်ပိုင်းတွင် ဩဂုတ်၂၂ရက် နံနက်က ရစ်ချ်စတာစကေး ၅ဒသမ၉အင်အားရှိ ငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ယိမ်းထိုးလှုပ်ခါ

အဆိုပါ မြေငလျင်ကြောင့် ပါလူမြို့တွင် နေအိမ်အချို့ ပျက်စီးခဲ့သော်လည်း သေဆုံးဒဏ်ရာရမှုသတင်း မရရှိသေးကြောင်း၊ ထို့အပြင် ဆူလာ ဝေစီပြည်နယ်အချို့ နေရာများ၌ နေအိမ်အဆောက်အအုံများ ယိမ်းထိုး လှုပ်ခါသွားခဲ့ကြောင်း သိရသည်။

ပြည်မြို့ လေးဆူဓာတ်ပေါ် ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်စောင်းတန်း ပြုပြင်မွမ်းမံခြင်းအတွက်အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ အနောက်ဘက်စောင်းတန်းကြီးကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၄ရက်မှစတင်၍ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ပြုပြင်ခဲ့ရာ ယခုအခါ ပြီးစီးထမြောက် အောင်မြင်တော့မည်ဖြစ်သည်။

ဆက်လက်လှူဒါန်းနိုင်

သို့အတွက် အနောက်ဘက်စောင်းတန်းတော်ကြီး ဖွင့်လှစ်ပွဲကို ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၄ရက်)တွင် ခမ်းနားစွာကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဖုန်း-၀၅၃-၂၅၀၃၅၊ ၀၅၃-၂၅၁၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းမြစ်ရေ အခြေအနေ

ရန်ကုန် ဩဂုတ် ၂၂

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ မြန်မာစံတော်ချိန် ၁၂နာရီခွဲ တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၁၂ စင်တီမီတာသို့ရောက်ရှိနေပြီး၊ စိုးရိမ်ရေမှတ် အထက် ၁၂စင်တီမီတာ (၀ဒသမ၄ပေခန့်) ကျော်လွန်နေကာ အဆိုပါမြစ်ရေသည် နောက် ၂၄နာရီအတွင်း ယင်းမြို့၏စိုးရိမ် ရေမှတ် စင်တီမီတာ၂၉၀၀အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

ထို့ပြင် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲတိုင်းထွာချက်များအရ မော်လိုက်မြို့တွင် စင်တီမီတာ၁၂၈၀နှင့် ကလေးဝမြို့တွင် ၁၅၈၁ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေပြီး၊ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များအထက် စင်တီမီတာ၅၀ (၁ဒသမ၆ပေခန့်)နှင့် ၃၁စင်တီမီတာ (တစ်ပေခန့်)သို့ အသီးသီး ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေများသည် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒမှ သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

အ.ထ.က သုဝဏ္ဏ၌ ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင်သဃ်န်းကျွန်းမြို့နယ် အ.ထ.က(သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီက ကွန်ပျူတာခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယကများ ဖြစ်သော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ဗိုလ်မှူးကြီးအောင်ဒင် (အငြိမ်းစား)၊ ဦးလှတင်၊ ဗိုလ်မှူးအောင်မြတ်(ငြိမ်း)၊ ဦးထွဏ်းထွဏ်းနှင့် ဒေါ်ရီရီမြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌဦးချစ်မျိုး၊ အတွင်းရေးမှူးဦးကျော်ကျော်၊ တွဲဖက်အတွင်းရေးမှူးဦးသိန်းတိုး၊ တွဲဖက်ဘဏ္ဍာရေးမှူးဒေါ်တင်တင်သန်း(ဖူဂျီပုံနှိပ်တိုက်)နှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နီနီရှိန်၊ အတွင်းရေးမှူး ဒေါ်ဖြူဖြူဝေ၊ ကျောင်းတာဝန်ခံ ဆရာမကြီး ဒေါ်မြမြကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**ဆက်လက်၍ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးထွဏ်းထွဏ်း မိသားစုက ချို့တဲ့ပြီး ပညာထူးချွန်သော အဋ္ဌမတန်း(က)မှ မနှင်းနှင်းအေးအား ကျောင်းဝတ်စုံပေးအပ်လှူဒါန်းသည်။

မွမ်းမံရေး

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်မျိုးက ကျေးဇူးတင်စကား ပြောကြားသည်။ အ.ထ.က သုဝဏ္ဏတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က နှစ်စဉ်ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ လှူဒါန်းခြင်းအပါအဝင် ကျောင်းဘက်စုံပြုပြင်မွမ်းမံရေးအတွက် ကူညီပံ့ပိုးလျက်ရှိသည်။

(ကျောင်းအကျိုးတော်ဆောင်အဖွဲ့)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန သင်တန်းဆင်းပွဲများကျင်းပ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၇)၊ နိုင်ငံတကာဆက်ဆံရေးသင်တန်းအမှတ်စဉ်(၇)၊ ကွန်ပျူတာသင်တန်းအမှတ်စဉ်(၃) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

သင်တန်းဆင်းပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ထူးချွန်ဆုချီးမြှင့်

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်**(အပေါ်ပုံ)**က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရ အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၇) စံပြသင်တန်းသားဆုရ ဦးမြင့်စိုး၊ နိုင်ငံတကာဆက်ဆံရေး သင်တန်းအမှတ်စဉ်(၇)တွင် စံပြသင်တန်းသား ဆုရဦးဟန်ကိုလတ်၊ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃)တွင် စံပြသင်တန်းသူဆုရ ဒေါ်မာမာသွင်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်များသို့ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းများသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှသင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ရာ အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၇)သို့ သင်တန်းသား ၃၀၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၇)သို့ သင်တန်းသား သင်တန်းသူ ၂၀၊ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃)သို့ သင်တန်းသား သင်တန်းသူ၃၀ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြပြီးသင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၈-၂၀၀၈ရက် (စနေနေ့)

AM & PM

၇:၀၀	- ၁:၀၀	MRTV-4 အဖွင့် Logo ၊ယနေ့အစီအစဉ်
၇:၀၅	- ၁:၀၅	"အမှတ်တမဲ့အမှား"တရားတော် [ဆရာတော် ဓမ္မဒူတဒေါက်တာ အရှင်ပညိသာရ]
၈:၀၀	- ၂:၀၀	ဂေါ့ဖ် ချစ်သူများအတွက် ဂေါ့ဖ် Accessories
၈:၁၀	- ၂:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၅	- ၂:၃၅	မော်လမြိုင်တောင်ရိုးတန်းမှာ သပွါယ်ထင်ရှား ဦးဇိနဘုရား
၈:၅၅	- ၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀	- ၃:၀၀	ပြည်တွင်းသတင်းအကျဉ်း
၉:၁၀	- ၃:၁၀	Movies Mistakes (The Matrix)
၉:၃၀	- ၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅	- ၃:၃၅	စွမ်းရည်မြင့်မား လယ်ယာ(၁၆) လက်တွန်းထွန်စက်တာယာများ
၁၀:၁၀	- ၄:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅	- ၄:၁၅	Shopping Guide (စိန်ဂေဟာ စူပါစင်တာ)
၁၀:၃၀	- ၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	- ၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀	- ၄:၄၀	စိတ်၏ငြိမ်းအေးရာနေရာ
၁၁:၁၅	- ၅:၁၅	စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (တော်ဝင်ခမ်းနား ပတ္တမြား)(အပိုင်း-၁)
၁၁:၄၅	- ၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၀	- ၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	- ၅:၅၅	ကလောဈေးနေ့
၁၁:၀၅	- ၆:၀၅	နိုင်ငံတကာ အနုပညာရေးရာ
၁၂:၂၅	- ၆:၂၅	အနာဂတ်ရင်သွေးငယ်များ၏ အရည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂:၄၀	- ၆:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	- ၆:၄၅	ထူးထူးခြားခြားရာသီဥတု ဖြစ်စဉ်များ
၁:၀၀	- ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

နံနက်	အကြောင်းအရာ	ပြသမည့်လိုင်း
၁၀:၃၀	Beijing Olympic2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃:၃၀	Beijing Olympic2008 အားကစားပြိုင်ပွဲအစီအစဉ်များ	MRTV-4 (Live)

English Premier League ဘောလုံးပွဲစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၈:၂၅	Liverpool-Middlesbrough	ESPN(Live)
	Tottenham-Sunderland	Star Sports (Live)
၁၀:၅၅	Fulham-Arsenal	Star Sports (Live)
၁၁:၀၀	West Brom-Everton	ESPN(SDD)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

လပ်ဗီးဂတ်စ်၌ နေအိမ်တစ်လုံးပေါ် လေယာဉ်ငယ်ပျက်ကျ

လပ်ဗီးဂတ်စ် ဩဂုတ် ၂၂

အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့တွင် ဩဂုတ်၂၂ရက်က လေယာဉ်ငယ်တစ်စင်း နေအိမ်တစ်လုံးပေါ်သို့ ပျက်ကျခဲ့ရာ လေယာဉ်မှူး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်ကျ

အဆိုပါလေယာဉ်ငယ်သည် မတော်တဆဖြစ်ရပ်ကြောင့် နေအိမ်ပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ပြီး ၄င်းနေအိမ်မှအိမ်သားများ သေဆုံးဒဏ်ရာရမှု မရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ပါကစ္စတန်သမ္မတ ရွေးကောက်ပွဲကျင်းပမည်

ကရာချိ ဩဂုတ် ၂၂

နုတ်ထွက်သွားသော သမ္မတမူရှာယက်ဖ်၏ နေရာတွင် အစားထိုးရန် သမ္မတသစ် ရွေးကောက်ပွဲကို လာမည့် စက်တင်ဘာ၆ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က ဩဂုတ်၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ရေပန်းစား

ကွယ်လွန်သူ ဝန်ကြီးချုပ်ဟောင်း ဘာနာဇီယာဘူတို၏ ခင်ပွန်း ပါကစ္စတန်ပြည်သူ့ပါတီ ပူးတွဲဥက္ကဋ္ဌ နာဆေ့ဖ်ဇာဒါရီက ပါကစ္စတန်သမ္မတရွေးကောက်ပွဲအတွက် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ်၌ ငလျင်လှုပ် သုံးဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

ပေကျင်း ဩဂုတ် ၂၂

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယန်ကျင်းမြို့အနီး တရုတ်-မြန်မာနယ်စပ်၌ ဩဂုတ် ၂၂ရက်က ရစ်ချ်တာစကေး ၅ဒသမ၆ရှိ ငလျင်လှုပ်ခဲ့ရာ သုံးဦး သေဆုံးပြီး ၇၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အမျိုးသား သဘာဝဘေး ဆိုင်ရာအရာရှိများက ပြောကြားသည်။

ပျက်စီး

အဆိုပါငလျင်သည် ကူမင်းမြို့မှ ကီလိုမီတာ ၅၀၀ခန့်အကွာ မြေအောက် ၁၀ကီလိုမီတာ၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် နေအိမ်အချို့ပျက်စီးခဲ့ကြောင်း သိရသည်။

အင်အား ၅ ဒသမ၆ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဩဂုတ် ၂၂

ဩဂုတ်၂၂ရက် မြန်မာစံတော်ချိန် ၁၈နာရီ ၄၁မိနစ် ၀၀စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ မြောက်ဘက် မိုင်၅၅၀ခန့် ကွာဝေးသောနေရာ မြန်မာနိုင်ငံပြင်ပ(တရုတ်-မြန်မာ နယ်စပ်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၆အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

တောကိုနင်း တောင်ကိုချဉ်း၍ အလင်းလာပေးကြသူများ

ကမ္ဘောဇခင်လှိုင်

ရှမ်းတိုင်းရင်းသူအဘွား ဒေါ်မိုင်ငင်းသည် အသက်(၆၀)ကျော်လေပြီ။ ငယ်စဉ်ကပင် ရှမ်းတောင်တန်းမှာနေ၊ ရှမ်းပြည်နယ်လေကိုရှူ၊ လှပသောရှမ်းပြည်နယ်မြေ၏ အလှများကိုကြည့်ကာ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါးနေခဲ့သည်။ ထင်းရှူးပင်ရိပ်တွင် သူ၏ပလိုင်းကိုချကာ နဖူးမှာစို့နေသောချွေးများကိုသုတ်ရင်း တောင်စောင်း၊ တောင်ခါးပန်းများတွင် နီနေအောင်ပွင့်ပြီး လေမှာယိမ်းထိုးနေသော တောပန်း၊ တောင်ပန်းများကိုကြည့်ကာ သူငယ်ချင်းများနှင့် ရယ်စရာမောစရာပြောရင်း အပန်းဖြေခဲ့သည်။ တောင်ပေါ်မှာနေ တောင်ပေါ်မှာကြီးပြင်းခဲ့သူမို့ တောင်ပေါ်ရွာက ဖူးစာဖက်နှင့် အိမ်ထောင်ကျကာ သား၊ သမီးများထွန်းကားခဲ့သည်။

သို့သော် အသက်လေး(၅၀)ကျော်လာသောအခါ သူ၏မျက်စိများမှုန်လာသည်။ သို့သော် မျက်စိရောဂါ အထူးကုဆရာဝန်များရှိရာ မြို့နှင့် ဒေါ်မိုင်ငင်းနေသော တောရွာမှာ ကွာဝေးလှ၍ မမြင်မကန်းနှင့်ပင် အိမ်ဗာဟီရ ကိစ္စများလုပ်၊ အိမ်နောက်ရှိခြံအတွင်းဝယ် အသီးအနှံတွေစိုက်၊ သူတို့ကြိုက်တတ်သော ပဲပုပ်လေးများ အခြောက်လှန်းခြင်းဖြင့် တစ်နေ့တာ တစ်နေ့တာအချိန်ကို အလုပ်နှင့်ပင် မအားမလပ်အောင် နေနေရသည်။ မျက်စိနှစ်ဖက်စလုံး လုံးဝမမြင်တော့မှ မနားမဖြစ် နားလိုက်ရသည်။

အဘွားဒေါ်မိုင်ငင်းသည် သူတို့ရွာနှင့် မလှမ်းမကမ်း အခြားရွာများရှိ သူ၏သူငယ်ချင်းအချို့လည်း အသက်အရွယ်ကြီးမှ တချို့က တစ်ဖက်မမြင်၊ တချို့က နှစ်ဖက်စလုံး မမြင်သူများရှိကြောင်း ကြားသိရသောအခါ စိတ်မကောင်းဖြစ်ရပြန်သည်။ သို့သော်လည်း **“ ဒါ အသက်ကြီးလို့၊ ဒါ ဝဋ်ရှိလို့၊ ဒါ ကံကြွေးရှိလို့”** ဟု ခံယူကာ ဘဝကို အရှုံးပေးထားကြသည်။

အဘွားဒေါ်မိုင်ငင်းနည်းတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကွမ်းလုံ၊ ဟိုပန်၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ မိုင်းရယ်၊ တန့်ယန်း၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်၊ မဘိမ်း၊ မိုင်းလုံ၊ နမ္မတူ၊ နမ့်ဆန်မြို့နယ်များနှင့် အဆိုပါမြို့နယ်များအတွင်းရှိ ကျေးရွာများတွင်လည်း မျက်စိအလင်းမရကြသူများ၊ မျက်စိမှုန်သူများ၊ မျက်စိဝေဒနာရှင်များ ရာဂဏန်း၊ ထောင်ဂဏန်းချီ၍ ရှိကြသည်။

သို့သော်လည်း သူတို့အနေဖြင့် အနည်းဆုံး မိုင်တစ်ရာကျော် နှစ်ရာနီးပါးခန့်ကွာဝေးသည့် မျက်စိအထူးကု ဆရာဝန်ရှိရာ လားရှိုးမြို့သို့ လာရောက်ကုသဖို့ မလွယ်ပြန်ချေ။ သူတို့အနေဖြင့် အကယ်၍ လားရှိုးမြို့သို့ သွားလိုပါက မိမိအတွက် ခရီးစရိတ်၊ စားစရိတ်၊ တည်းခိုခန်းစရိတ်၊ ဆေးဖိုးဝါးခများအပြင် မိမိနှင့်အတူ လိုက်ပါစောင့်ရှောက်သည့် အဖော်အတွက်ပါ စရိတ်ကုန်ကျကြမည် ဖြစ်လေသည်။ သို့ဖြင့် သူတို့ခမျာ အကြောင်းအပေါင်းသင့်မှ လားရှိုး၊ မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ မျက်စိအထူးကုဆေးရုံများသို့ သွားရောက်ဆေးကုသမှု ခံယူကြသည်။

သို့သော်....

ယခုနှစ်အဖို့တော့ အဘွားဒေါ်မိုင်ငင်း၊ အဘိုး ပူလှိုင်ဟိန်း၊ အဘွားနန်းခမ်းလှတို့အတွက် ကံကောင်းလာသည့်နှစ်ဟု ဆိုရပေမည်။ မြန်မာနှစ်ဆန်း ၂ရက်နေ့တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လားရှိုးမြို့ မြို့တော်ခန်းမတွင် လားရှိုးမြို့ရှိ ကုန်သည်ကြီးများနှင့် ပရဟိတစေတနာရှင်များကို ဖိတ်ကြားပြီး ရန်ကုန်မှ မျက်စိရောဂါအထူးကုဆရာဝန်ကြီးများ လာရောက်မည့်အကြောင်း၊ အဆိုပါ ဆရာဝန်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မျက်စိဝေဒနာရှင်များအား ၂၃-၄-၂၀၀၈ရက်နေ့မှ ၂၆-၄-၂၀၀၈ရက်နေ့အထိ နေ့ရောညပါ အခမဲ့စမ်းသပ်ကုသပေးမည့်အကြောင်း၊ မျက်မှန်လိုအပ်သူ၊ ဆေးဝါးလိုအပ်သူများကိုလည်း အခမဲ့ပေးမည့်အကြောင်း နှစ်သစ်ကူး သတင်းကောင်းကို ပြောကြားလေသည်။

တိုင်းမှူး၏နှုတ်ထွက်သားမှ ထွက်လာသော စကားများအတွက် တက်ရောက်လာသူ စေတနာရှင်အများက သဒ္ဓါတရားပေါ်ပေါက်ကာ တစ်ဦးချင်းရော၊ မိသားစုအလိုက်ရော၊ လုပ်ငန်းအလိုက်ပါ စေတနာထက်သန်စွာ လှူဒါန်းကြရာ စုစုပေါင်းငွေကျပ် သိန်းလေးရာကျော် ရရှိလေသည်။

ရန်ကုန်မှ စေလွှတ်ပေးသည့် မျက်စိအထူးကုအဖွဲ့ကို ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ပေးခဲ့ပြီး အဆိုပါအဖွဲ့ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ဦးဆောင်လာလေသည်။ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်အတူ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာသူဇာဟန်၊ ဒေါက်တာတင်မောင်စိုး၊ ဒေါက်တာညွန့်အောင်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာစန္ဒာမြင့်၊ ဒေါက်တာ အေးမြတ်ဦး၊ ဒေါက်တာ နန်းအိရွှေစင်၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာ ချောဝေလွင်၊ ဒေါက်တာ မိုးအေးလတ်၊ ဒေါက်တာယဉ်ကြည်ဦးနှင့် သူနာပြုဆရာမခြောက်ဦး၊ ALCON ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်တစ်ဦးတို့ လိုက်ပါလာကြသည်။

သူတို့သည် ဒေသခံ **မျက်စိအထူးကုဆရာဝန်များ ဖြစ်ကြသော ဒေါက်တာ လှလှသန်း၊ ဒေါက်တာတင်မိုးကြည်တို့နှင့် ပူးပေါင်းကာ ဆရာဝန်ခြောက်ဦးက ဆေးရုံရှိ ခွဲစိတ်ခန်း၌ တာဝန်ယူ၍ ခွဲစိတ်ပေးပြီး လားရှိုးမြို့သို့ ရောက်ရှိလာသူ မျက်စိဝေဒနာရှင် ၆၂၄၇ ဦးတို့အား အရေးပေါ်စီစဉ်ဖွင့်လှစ်ထားသည့် မြို့တော်ခန်းမရှိ စမ်းသပ်ခန်း၌ နံနက် ၆နာရီမှစ၍ မနားမနေ စမ်းသပ်ပေးကြလေသည်။**

သူတို့စမ်းသပ်ပြီး မျက်မှန်လိုသူများကို မျက်မှန်အခမဲ့ပေး၊ ဆေးသောက်ရန်လိုအပ်သူများကို ဆေးဝါးအခမဲ့ပေး၊ ခွဲစိတ်ရန်လိုအပ်သူများကို ချက်ချင်းခွဲစိတ်ပေးခြင်းဖြင့် ကျန်စေတနာလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြသည်။

တိုင်းမှူးကလည်း နံနက်ခင်းဆိုလျှင် မြို့တော်ခန်းမနှင့်ဆေးရုံသို့ ရောက်ရှိလာပြီး လူနာများအတွက် အစားအသောက်၊ အနေအထိုင်၊ အသေးသုံးရန် ငွေကြေးကအစ ဂဃနဏဆောင်ရွက်ပေးရှာသည်။ လားရှိုးမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း လူနာများအား ကြိုခြင်း၊ ပို့ခြင်း၊ ကျွေးမွေးခြင်းစသည့် အောက်ခြေသိမ်းလုပ်ငန်းများကို မညည်းမညူ စိတ်ရောကိုယ်ပါထက်သန်စွာ အကူအညီပေးကြသည်။

မျက်စိဝေဒနာရှင်များအား စမ်းသပ်ရန်စုစည်းထားသည့် မြို့တော်ခန်းမအတွင်းဝယ် ဝေဒနာရှင်များကို ထောင်နှင့်ချီ၍ တွေ့ရလေသည်။ မျက်စိဝေဒနာရှင်များကို စတင်၍စမ်းသပ်သော ၂၃-၄-၂၀၀၈ရက်နေ့ မှစ၍ ၂၆-၄-၂၀၀၈ရက်နေ့အထိ လူနာပေါင်း ၆၂၄၇ဦးအား စမ်းသပ်ပေးပြီး လူနာပေါင်း ၅၃၁ဦးအား ခွဲစိတ်ပေးနိုင်ခဲ့ကြပေသည်။

ကျွန်တော်သည် ခွဲစိတ်ပြီးနောက် အလင်းရောင်ပြန်မြင်လာသော ဒေါ်ဆွယ်ငင်းအား ကြည့်ရှုအားပေးသည်။ ဒေါ်ဆွယ်ငင်းမှာ အသက်(၆၀)ခန့်ရှိပြီး အစားအသောက်ကောင်း၍ ကျန်းမာဝဖြိုးနေလေသည်။ သို့သော် အလင်းရောင်ကို မမြင်ရသည်မှာ အနှစ်၂၀ခန့် ကြာပြီဖြစ်၍ ခွဲစိတ်ပြီးချက်ချင်းပင် မျက်စိပြန်လည်မြင်လာသောအခါ သူသည် ဝမ်းသာ၍မဆုံး၊ ပျော်မဆုံးဖြစ်နေရှာသည်။ ကမ္ဘာဦးသူတို့ နေကိုစ၍ မြင်ရသောနေ့က ကခုန်မြူးထူးပျော်ပါးပုံများကို မှန်းဆ၍ မြင်ယောင်မိပါသည်။

ဒေါ်ဆွယ်ငင်းကဲ့သို့ပင် မျက်စိအလင်းကောင်းမွန်စွာ ပြန်ရသူများ၏ ဝမ်းသာ ပျော်ရွှင်နေပုံကိုကြည့်ပြီး တိုင်းမှူးကိုယ်တိုင်မှာလည်း ပီတိသောမနဿ ဖြစ်နေသည်။ မျက်စိဝေဒနာရှင်များအတွက် အသေးစိတ်စီမံခန့်ခွဲပေးနေရသဖြင့် မောပန်းနွမ်းလျ လက်ပန်းကျနေရမည့် အစားအားလုံးသည် ကြည်နူးရွှင်ပျ လန်းဆန်းဖျတ်လတ်၍ နေလေသည်။

ထို့နောက် ကျွန်တော်သည် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်စကားလက်ဆုံကျမိသည်။ ယခုကဲ့သို့ လူမှုရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ခွင့်ပြုချက်ရရှိဖို့၊ ဘဏ္ဍာငွေရရှိဖို့၊ ဆရာဝန်များရရှိဖို့ အထက်အောက် အပြန်အလှန် စီစဉ်ခဲ့ရကြောင်း ၎င်းကပြောပြသည်။

၎င်းနှင့်အတူ ပါလာသော Mother Trading Company မှ အမိကအထောက်အပံ့ပေးနေသည့် အလှူရှင် ဦးအောင်မြတ်ကိုလည်း သွက်လက်ဖျတ်လတ်စွာတွေ့ရသည်။ ၎င်းသည် သူဝါသနာပါသော အများအကျိုး အလှူဒါနပြုရသည့်အတွက် ဝမ်းသာမဆုံးဖြစ်နေသည်။ မျက်စိအထူးကုဆရာဝန် ဒေါက်တာ ဒေါ်နီလာသိန်းကလည်း အစစလစ်ဟင်းမှုမရှိရအောင် ဆောင်ရွက်ပေးနေသည်။

ဤမျက်စိဝေဒနာရှင်များ၊

ဤအထူးကုဆရာဝန်များ၊

ဤအလှူရှင်များ၊

ဤစေတနာလုပ်ငန်းများ အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများအား များစွာကျေးဇူးတင်နေမိသည်။မျက်စိအထူးကုဆရာဝန်ကြီးများအားလည်း ကျေးဇူးတင်စကား အထပ်ထပ်အခါခါပြောမိသည်။ မွန်မြတ်သန့်စင်သော စိတ်စေတနာတို့ဖြင့် တိုင်းရင်းသား ပြည်သူများရှိရာသို့ တောကိုနင်း တောင်ကိုချဉ်း၍ အလင်းလာပေးသူများအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုလိုက်ရပေတော့သည်။ ။

မျက်စိဝေဒနာရှင် ၆၂၄၇ဦးတို့အား အရေးပေါ် စီစဉ်ဖွင့်လှစ်ထားသည့် မြို့တော်ခန်းမရှိ စမ်းသပ်ခန်း၌ နံနက် ၆နာရီမှစ၍ မနားမနေ စမ်းသပ်ပေးကြလေသည်။

သူတို့စမ်းသပ်ပြီး မျက်မှန်လိုသူများကို မျက်မှန်အခမဲ့ပေး၊ ဆေးသောက်ရန် လိုအပ်သူများကို ဆေးဝါးအခမဲ့ပေး၊ ခွဲစိတ်ရန် လိုအပ်သူများကို ချက်ချင်း ခွဲစိတ်ပေးခြင်းဖြင့် ကျန်စေတနာလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြသည်။

မူးယစ်အန္တရာယ်နှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း ဟောပြော

ရန်ကုန် ဩဂုတ် ၂၂

မရမ်းကုန်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများတွင် မူးယစ်ဆေးဝါးအသိပညာပေးလုပ်ငန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနက မူးယစ်ဆေးဖြတ်ပြီးသူအား နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ဆွေးနွေးဟောပြောခြင်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းနှင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ဦးဆောင်၍ ဩဂုတ် ၂၂ရက် နံနက် ၉ နာရီက အထက(၅) မရမ်းကုန်းတွင် ဆွေးနွေး ဟောပြောသည်။ (ဓာတ်ပုံ)

အမှာစကားပြောကြား

အဆိုပါအခမ်းအနား၌ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိရှိစေရန်နှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရင်း မိမိတို့မြို့နယ်များအတွင်း မူးယစ်ဆေးဝါး ကင်းစင်ရေးနယ်မြေအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရေးနှင့် ကျန်းမာရေး အသိပညာများ ရရှိစေရန်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ပြစ်မှုကျခံပြီးနောက် ပြန်လည်ထူထောင်မှု ခံယူပြီးသူများအား မူးယစ်ကြီးကြပ်ရေးမှူးများက ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် ရပ်ရှင်၊ သဘင်၊ ဂီတ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်း၍ ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟောပြော

ထို့နောက် ဦးထွန်းဇော်(တရားရုံးချုပ် ညွှန်ကြားရေးမှူး-အငြိမ်းစား)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်း၊ ရန်ကုန်တိုင်း စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးစံရှိန်တို့က ဟောပြောဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းလက်အောက်ခံ လူငယ်အားမာန်အဖွဲ့မှ ရွှေပြည်သာ ဝက်ထီးကန်စခန်းမှ ပြန်လည်ထူထောင်မှုခံယူပြီးသူ သင်တန်းသားတစ်ဦးက ကိုယ်တွေ့ကြုံတွေ့ခဲ့ရသည့် မူးယစ်ဆေးဝါးဆိုးကျိုးဒုက္ခများအား အသိပေး ရှင်းလင်းခဲ့ပြီး ကျောင်းတွင်းစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်) ကြီးမှူးကျင်းပ ဆီအုန်းစိုက်ပျိုးထိန်းသိမ်းထုတ်လုပ်ရေး သင်တန်းဆင်း

မြိတ် ဩဂုတ် ၂၂

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်)က ကြီးမှူး၍ ဆီအုန်းစိုက်ပျိုး ထိန်းသိမ်းထုတ်လုပ်ရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၇နာရီခွဲက မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

သင်တန်းဆင်းလက်မှတ်ပေး

အစီအစဉ်အရ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်) တနင်္သာရီတိုင်း မန်နေဂျာ ဦးခွန်ရွှေသင်းက ဆီအုန်းစိုက်ပျိုးထိန်းသိမ်းထုတ်လုပ်ရေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍တင်ပြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သင်တန်းဆရာ၊ ဆရာမများ၏ကိုယ်စား ဆရာတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်) တိုင်းမန်နေဂျာ ဦးခွန်ရွှေသင်းက သင်တန်းသားများ၏ ကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်သည်။

သင်တန်းကာလမှာ ဩဂုတ် ၁၁ရက်မှ ၁၅ရက်အထိ ၅ရက်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၇၅ဦး တက်ရောက်သည်။ သင်တန်းဆင်းပွဲပြီးနောက် ဆီအုန်းစိုက်ပျိုး ပွဲတော်ကိုလည်း ကျင်းပကြကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ဖျာပုံမြို့ ဘုန်းတော်ကြီးနှင့် သီလရှင်ကျောင်းများ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၂

ဧရာဝတီတိုင်း ဖျာပုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက်နံနက်ပိုင်းက ဖျာပုံမြို့ ရတနသိဒ္ဓိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။ အခမ်းအနားသို့ ဖျာပုံမြို့ မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အမှူးပြုသော မြို့ပေါ်ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများမှ ဆရာတော်များ၊ သံဃာတော်များနှင့် သီလရှင်များစုစုပေါင်း ၅၇ပါး ကြွရောက်တော်မူကြပြီး အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အစီအစဉ်အရ ဖျာပုံမြို့ မဟာပုညာရာမတိုက် ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တဝေပုလ္လထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ဖျာပုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း၅၀မှ ရဟန်း ၅၉၁ပါး၊ သာမဏေ ၅၅၈ပါး၊ သီလရှင်ကျောင်း ခုနစ်ကျောင်းမှ သီလရှင် ၁၃၄ပါး စုစုပေါင်း ရဟန်းသံဃာနှင့် သီလရှင် ၁၂၈၃ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ သကြား၊ စောင်၊ ထီးနှင့် နဝကမ္မအလှူငွေများကို ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်နှင့် သီလရှင်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တဝေပုလ္လက သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အခမ်းအနားတွင် နဝကမ္မ အလှူငွေကျပ် ၈၇၀၀၀၀နှင့် လှူဖွယ်ပစ္စည်း အပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၁၂၀တန်ဖိုးကို ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သထုံမြို့မဈေးနှင့် သုဝဏ္ဏာဈေး ဝါဆိုသင်္ကန်းကပ်လှူ သွေးလှူဒါန်း

သထုံ ဩဂုတ် ၂၂

သထုံမြို့မဈေးနှင့် သုဝဏ္ဏာဈေးမှ ဈေးသူဈေးသားများစုပေါင်း၍ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သွေးလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်၂၃ရက် နံနက် ၁၀နာရီက သုဝဏ္ဏာဈေးသစ်၌ ကျင်းပရာ မြို့မဈေး ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့်အဖွဲ့က ဦးဆောင်၍ ဆရာတော်၊သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပြီး မေတ္တာရေစင်သွေးလှူရှင်များအသင်းဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာ ဝင်းနိုင်က စေတနာရှင် သွေးလှူရှင်များထံမှ သွေးများလက်ခံရယူကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ရေနံချောင်းမြို့ အထက(၁)တွင် ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) မတည်၍ လှူဒါန်းကာ ဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ဘာမင်နီယာ ဦးလှအောင်၊ ဒေါ်ချောတို့အား အမှူးထား၍ ရေနံချောင်းမြို့ မန်ကျည်းလေးပင်ရပ်နေ ဦးအုံးကျော်၊ ဒေါ်နွယ်နွယ်ခိုင်(ဆန်းသီရိအထည်ဆိုင်) မိသားစုကိုယ်စား ငွေကျပ်တစ်သိန်းကို ဦးမြမောင်က ရွှေပါရမီဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

မိုးစပါး စိုက်ဧက ပြည့်မီရေး ယင်းမာပင်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ယင်းမာပင် ဩဂုတ် ၂၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ်အတွင်း မိုးစပါး စိုက်ဧကပြည့်မီရေး ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၃ ရက်နံနက်၇နာရီက လည်ငေါက်ကျေးရွာအုပ်စု၊ ဗြဟ္မဒါတ်ကျေးရွာအုပ်စု၊ ညောင်ပင်ကြီးစုကျေးရွာအုပ်စုနှင့် မင်းကံကြီးကျေးရွာအုပ်စုများရှိ မိုးစပါးစိုက်ပျိုးရမည့် လယ်မြေများအထိသွားရောက်ကာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လင်းနို့လူသားနှင့် မိုးပျံဓားမြှောင်ဂိုဏ်းဇာတ်ကား ပြန်လည်ရုံဝင်လာ

ရန်ကုန် ဩဂုတ် ၂၂

သမ္မတအဆင့်မြင့်ရုံတွင် သံချပ်ကာအင်္ကျီဝတ်စုံဝတ်ထားသော ဘက်မင်း(လင်းနို့လူသား)က မာဖီးယားဂိုဏ်းကို ဖြိုခွင်းလိုက်ပုံများ ရိုက်ကူးထားသော Batman The Dark Knight ပြန်လည်ရုံဝင်လာသည်။ မင်္ဂလာရုံတွင် တရုတ်ရာဇဝင်ဇာတ်ကား House of Flying Daggers တစ်ကျော့ပြန်ရုံဝင်လာသည်။ မိုးပျံဓားမြှောင်ဂိုဏ်းနှင့် ဘုရင့်စစ်သည်တော်များ တိုက်ကြရာတွင် မျက်မမြင်မိန်းကလေးတစ်ဦး၏ ဓားစွမ်းကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ရွှေ့ဆောင်နှင့်နေပြည်တော်ရုံတွင် ပြသဆဲဇာတ်ကားများဖြစ်သော The Incredible Hulk ဇာတ်ကားနှင့် Hancock ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။

သွင်အဆင့်မြင့်ရုံတွင် အိန္ဒိယဇာတ်ကားသစ် God Tussi Great Ho ဇာတ်ကားရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် နာမည်ကြီးမင်းသားများဖြစ်သော အမီတာဘဂျန်း၊ ဆာလ်မာန်ခန်းနှင့် မင်းသမီးချော ပရီရင်ကာချိုပရာတို့ အဓိကပါဝင်ထားသည်။ အိန္ဒိယတွင် အသစ်ရုံဝင်လာသော ဇာတ်ကားဖြစ်သည်။ မြန်မာရုပ်ရှင်ပရိသတ်အတွက် အိန္ဒိယနှင့်အပြိုင် တင်ဆက်လိုက်သော ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

House of Flying Daggers **ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

ရင်ခုန်နှင်းဆီ

ဒါရိုက်တာ အောင်ဆွေမြန်မာ ရိုက်ကူးသည့် **ရင်ခုန်နှင်းဆီ**ဇာတ်ကားမှာ ရန်ကုန်မြို့ စံပြ၊ ဝဇီရာ၊ ရွှေမန်းနှင့် သီတာရုံများတွင် ဆက်လက်အောင်ပွဲခံနေပြီး မန္တလေးမြို့ မစိုးရိမ်၊ မြို့ဂုဏ်ရောင်နှင့် နေပြည်တော်ရုံများတွင် အားပေးနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် မင်းသားအာမီးရ်ခန်း၊ ဖိုင်ဇယ်ခန်းနှင့် မင်းသမီးချော တွင်ကယ်လ်ခန်နာတို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို ရိုက်ကူးထားသည့် Me La ဇာတ်ကားရုံဝင်လာသည်။

ဘုရင့်ရုံတွင် မင်းသား ရီသစ်ရိုရှမ်း၊ ဆာလ်အလီခန်းနှင့် မင်းသမီး အီရှာဒိုးလ်တို့ အဓိကပါဝင်ထားသည့် Na Tum Jaano Na Hum ဇာတ်ကားသစ် ပြသနေသည်။ ဆုထူးပန်တွင် Annarth ဇာတ်ကားပြသလျက်ရှိသည်။

ဗိုက်ဗိုက်ဗိုက်

မြေနီကုန်း ရတနာပုံရုံတွင် ရန်အောင်၊ ကျော်ရဲအောင်၊ ပြေတီဦး၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗိုနှင့် နဝရတ်တို့ သုံးစုံတွဲ၏ **ဗိုက်ဗိုက်ဗိုက်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားပြသနေဆဲဖြစ်သည်။

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

'ရင်ခုန်နှင်းဆီ' ဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်။

ချစ်သလားမမေးနဲ့

နယူးထိပ်တန်း ဗီဒီယိုထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူးပြီး ရဲအောင်၊ ဟိန်းဝေယံ၊ ဒယ်နီယယ်၊ နဝရတ်၊ မေတ္တာ၊ မေသဉ္ဇာဦးနှင့် ဇော်ဦးတို့ အဓိကပါဝင်ထားသော **ချစ်သလားမမေးနဲ့** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား လာမည့်သောကြာပတ်တွင် နဝဒေးနှင့် မဟာမြိုင်ရုံများ၌ ရုံဝင်လာမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပေကျင်း အိုလံပစ်ပွဲတော် အိမ်ရှင်တို့ ရွှေတံဆိပ် ၄၇ခု ရရှိနေ

အီတလီ၊ ဂျာမနီနှင့် ဘီလာရုစ် ကစားသမားများ ရွှေတံဆိပ်ဆွတ်ခူး

■ ဆင်ဟွာသတင်းများကို အခြေခံ၍ မောင်မောင်မြင့်ဆွေ ကိုးကားရေးသားသည်။ ■

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၂၂

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်ကို တရုတ်နိုင်ငံ၌ ဆက်လက်ဆင်နွှဲလျက်ရှိရာ နိုင်ငံတကာမှ နိုင်ငံ့ကိုယ်စားပြု အားကစားမောင်မယ်များ အကြိတ်အနယ်ပါဝင်ဆင်နွှဲလျက်ရှိရာ ဩဂုတ် ၂၂ရက်က ကျင်းပသည့် အိုလံပစ်အားကစားပြိုင်ပွဲများ၌ အောင်ပွဲရရှိခဲ့သည့် နိုင်ငံတကာမှ အားကစားမောင်မယ်အချို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

လမ်းလျှောက်

အမျိုးသား ကီလိုမီတာ ၅၀ လမ်းလျှောက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ကျင်းပရာ အီတလီလမ်းလျှောက်ကစားသမား အလက်ဆဝါဇာက ၃ နာရီ ၃၇ မိနစ် ၉စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ဩစတြေးလျမှ ဂျာရက်တယ်လင့်က ၃နာရီ ၃၉မိနစ် ၂၇စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ရုရှားမှ ဒင်းနစ်နီဇီရူရိဒေါ့ဗ်က ၃ နာရီ မိနစ်၄၀ ၁၄ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ကနူးကယက်လှေလှော်

အမျိုးသားအဖွဲ့လိုက် မီတာ ၁၀၀၀ ကယက်လှေလှော်ပြိုင်ပွဲတွင် ဘီလာရုစ်မှ ကယက်လှေလှော်အဖွဲ့က ၂မိနစ် ၅၅ ဒသမ ၇၁၄စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးရရှိသွားသည်။ ဆလိုဗက်ကီးယား လှေလှော်အဖွဲ့က ၂မိနစ်၅၆ ဒသမ၅၉၃စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ဂျာမနီ ကယက်လှေလှော်အဖွဲ့က ၂မိနစ် ၅၆ဒသမ ၆၇၆ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ထို့အတူ အမျိုးသားနှစ်ယောက်တွဲ ကယက်လှေလှော်ပြိုင်ပွဲ၌ ဂျာမနီကယက်လှေလှော်သမားများက ၃ မိနစ်၁၁ဒသမ ၈၀၉စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ဒိန်းမတ်ကယက်လှေလှော်သမားများက ၃မိနစ် ၁၃ဒသမ ၅၈၀ဖြင့် ငွေတံဆိပ်ရရှိပြီး အီတလီမှ ကယက်လှေလှော်သမားများက ၃မိနစ် ၁၄ဒသမ၇၅၀ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

တစ်ဖန် အမျိုးသားကနူးလှေလှော်ပြိုင်ပွဲ မီတာ၅၀၀ တစ်ဦးချင်းလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဟန်ဂေရီမှ အက်တီလာဆန်ဒိုဗာဒါက သတ်မှတ်စံချိန်ချိုးကာ ရွှေတံဆိပ်ဆွတ်ခူးသွားသည်။



အမျိုးသားလမ်းလျှောက်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် အီတလီမှ ဆဝါဇာ ဤသို့ အောင်ပွဲခံခဲ့သည်။

စက်ဘီး

အမျိုးသားစက်ဘီးစီးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် လစ်သူယေးနီးယား စက်ဘီးကစားသမား မာရစ်စတုမ်းဘတ်က ၃၆ဒသမ၁၉၀စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးရရှိပြီး အမေရိကန်စက်ဘီးစီးကစားသမား မိုက်ဒေးက ၃၆ဒသမ၆၀၆ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိသွားသည်။ ကိုလံဘီယာစက်ဘီးကစားသမား ဒွန်နီရိုဘင်ဆင်က ၃၆ဒသမ၉၇၂စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

စက်ဘီး ရွှေ

အမျိုးသား စက်ဘီးစီးပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည့် လစ်သူယေးနီးယား စက်ဘီးစီးသမား မာရစ်စတုမ်းဘတ်၏ အောင်ပွဲခံဟန်။

အမျိုးသား ကယက်လှေလှော်ပြိုင်ပွဲ နှစ်ယောက်တွဲပွဲစဉ်၌ ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့် ဘီလာရုစ်အားကစားသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။

တိုက်ကွမ်ဒို

အမျိုးသား ကီလို၈၀တန်း တစ်ဦးချင်း တိုက်ကွမ်ဒိုအကြိုဗိုလ်လုပွဲကို ကျင်းပရာ အီရန်တိုက်ကွမ်ဒိုကစားသမား မာဒီဆာအီက အဇာဘိုင်ဂျန်မှ ရာရှိတ်အမာဒေါ့ဗ်ကို အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ထို့အတူ အီတလီမှ မာဂူရိဆာမင်တိုက ဗြိတိန်မှ အာရွန်ကွတ်အား အနိုင်ယူပြီး ဗိုလ်လုပွဲ တက်ရောက်သွားရာ ဗိုလ်လုပွဲ၌ အီရန်မှ မာဒီဆာအီနှင့် အီတလီမှ မာဂူရိဆာမင်တိုတို့ ဆုံတွေ့ကြမည်ဖြစ်သည်။ ။

ပေကျင်းအိုလံပစ် ဆုရရှိမှုအနေအထား

ဩဂုတ် ၂၂ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၄၇	၁၇	၂၅	၈၉
၂	အမေရိကန်	၃၁	၃၆	၃၅	၁၀၂
၃	ဗြိတိန်	၁၈	၁၃	၁၃	၄၄
၄	ရုရှား	၁၇	၁၈	၂၂	၅၇
၅	ဂျာမနီ	၁၄	၉	၁၃	၃၆
၆	ဩစတြေးလျ	၁၂	၁၄	၁၆	၄၂
၇	တောင်ကိုရီးယား	၁၁	၁၀	၇	၂၈
၈	ဂျပန်	၉	၆	၁၀	၂၅
၉	အီတလီ	၇	၈	၁၀	၂၅
၁၀	နယ်သာလန်	၇	၅	၄	၁၆
၁၁	ဂျမေကာ	၆	၃	၁	၁၀
၁၂	ပြင်သစ်	၅	၁၃	၁၆	၃၄
၁၃	ယူကရိန်း	၅	၄	၁၂	၂၁
၁၄	စပိန်	၄	၆	၂	၁၂
၁၅	ဘီလာရုစ်	၄	၄	၈	၁၆
၁၆	ရိုမေးနီးယား	၄	၁	၃	၈
၁၇	ကနေဒါ	၃	၈	၆	၁၇
၁၈	ပိုလန်	၃	၄	၁	၈
၁၉	ချက်	၃	၃	-	၆
၂၀	ဆလိုဗက်ကီးယား	၃	၂	၁	၆
၂၁	နယူးဇီလန်	၃	၁	၅	၉
၂၂	အီသီယိုးပီးယား	၃	၁	၁	၅
၂၃	ဂျော်ဂျီယာ	၃	-	၃	၆
၂၄	ကျူးဘား	၂	၆	၁၁	၁၉
၂၅	ကင်ညာ	၂	၄	၂	၈
၂၆	ဘရာဇီး	၂	၃	၇	၁၂
၂၇	ဒိန်းမတ်	၂	၂	၃	၇
၂၈	မြောက်ကိုရီးယား	၂	၁	၃	၆
၂၉	ဆွစ်ဇာလန်	၂	-	၃	၅
၃၀	ဟန်ဂေရီ	၁	၅	၂	၈
၃၁	ကာဇက်စတန်	၁	၄	၆	၁၁
၃၂	တူရကီ	၁	၄	၃	၈
၃၃	နော်ဝေ	၁	၄	၂	၇
၃၄	ဇင်ဘာဘွေ	၁	၃	-	၄
၃၅	အဇာဘိုင်ဂျန်	၁	၂	၄	၇
၃၆	ဥဇဘက်ကစ္စတန်	၁	၂	၃	၆
၃၇	ဆလိုဗေးနီးယား	၁	၂	၂	၅
၃၈	ဘူလ်ဂေးရီးယား	၁	၁	၃	၅
၃၉	အင်ဒိုနီးရှား	၁	၁	၃	၅
၄၀	ဖင်လန်	၁	၁	၁	၃
၄၁	အက်စ်တိုးနီးယား	၁	၁	-	၂
၄၂	မွန်ဂိုလီးယား	၁	၁	-	၂
၄၃	ပေါ်တူဂီ	၁	၁	-	၂
၄၄	ထိုင်း	၁	၁	-	၂
၄၅	အာဂျင်တီးနား	၁	-	၃	၄
၄၆	အိန္ဒိယ	၁	-	၂	၃
၄၇	အီရန်	၁	-	၁	၂
၄၈	လတ်ဗီးယား	၁	-	၁	၂
၄၉	မက္ကဆီကို	၁	-	၁	၂
၅၀	ဘာရိန်း	၁	-	-	၁
၅၁	ကင်မရွန်း	၁	-	-	၁
၅၂	ပနားမား	၁	-	-	၁
၅၃	တူနီးရှား	၁	-	-	၁

ရှက်ဗ်ချင်ကို မီလန်သို့ပြန်ရောက်ရေး မတင်မကျ အခြေအနေတွင်ရှိနေဆဲ

လ္ဒန်ဒန် ဩဂုတ် ၂၂

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို၏ မူလအသင်းဟောင်း အေစီမီလန်သို့ပြန်ရေးမှာ မရေမရာဖြစ်နေသော အဓိကအတားအဆီးကြီးကြောင့် မတင်မကျ အခြေအနေသို့ ရောက်ရှိနေသည်ဟု အမှုဆောင်ဥက္ကဋ္ဌ အက်ဒရီယာနိုဂယ်လီယာနီက ပြောကြားခဲ့သည်။

အသက် ၃၁နှစ်ရှိ ယူကရိန်းတိုက်စစ်မှူးရှက်ဗ်ချင်ကိုသည် အင်္ဂလန်တွင် စိတ်ပျက်ဖွယ် ဘောလုံးရာသီနှစ်ရာသီကို ဖြတ်သန်းခဲ့ပြီးနောက် အေစီမီလန်သို့ ပြန်ရောက်ရန် နီးစပ်နေသူဖြစ်သည်။

ထုတ်ဖော်ပြောကြား

လက်ရှိအချိန်တွင် ဆွေးနွေးမှုများသည် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတွင် ရှိနေကြောင်း၊ မီလန်အသင်းသည် ရှက်ဗ်ချင်ကိုအား အငှားစာချုပ်ဖြင့် ငှားရမ်းခေါ်ယူပြီး နောက်မှသာ အမြဲတမ်းစာချုပ်ချုပ်ဆိုခေါ်ယူလိုသော်လည်း ချယ်လ်ဆီးအသင်းကမူ အပြီးအပြတ်ရောင်းလိုသဖြင့် ယင်းကဲ့သို့ မရေမရာအခြေအနေသို့ ရောက်ရှိနေရကြောင်း ဂယ်လီယာနီက ထုတ်ဖော်ပြောကြားသည်။

ရှက်ဗ်ချင်ကိုသည် အေစီမီလန်၏သမိုင်းတွင် မကြုံစဖူးသော ဒုတိယအများဆုံးဂိုးသွင်းနိုင်သူဖြစ်ပြီး ၂၀၈ပွဲကစားရာတွင် ၁၂၇ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

(အင်တာနက်)

တိုက်စစ်မှူးရော်ဘင်ဟိုအား ပေါင်၃၂သန်းရပါက ရီးရဲမက်ဒရစ်က ပြောင်းရွှေ့ခွင့်ပြုမည်

မက်ဒရစ် ဩဂုတ် ၂၂

ချယ်လ်ဆီးအသင်းအနေဖြင့် ပရီမီယာလိဂ် စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်၃၂သန်းပေးပါက ရော်ဘင်ဟိုအား ရီးရဲမက်ဒရစ်မှ ချယ်လ်ဆီးသို့ ထွက်ခွာခွင့်ပြုမည်ဟု ရီးရဲမက်ဒရစ်အသင်းက ပြောကြားသည်။

ပြောင်းရွှေ့ကြေး ပေါင်၂၆သန်းခန့်ရှိသူ ရော်ဘင်ဟိုအား ဒုတိယအကြိမ်ကမ်းလှမ်းရန်အတွက် ဩဂုတ်၂၀ရက်က ချယ်လ်ဆီးအမှုဆောင်ချုပ် ပီတာကင်ယွန်သည် ရီးရဲဒါရိုက်တာ ဂျို့စ်အိန်ဂျယ်လ်ဆန်ချက်ဇ်နှင့် တွေ့ဆုံဆွေးနွေးရန် မက်ဒရစ်သို့ သွားရောက်ခဲ့မှုကို ရီးရဲကပယ်ချခဲ့ပြီးဖြစ်သည်။

ထပ်မံသွားရောက်ခဲ့

ပီတာကင်ယွန်သည် ထိုစဉ်ကတည်းက အင်္ဂလန်သို့ ပြန်လာခဲ့သော်လည်း စက်တင်ဘာ ၁ရက် အပြောင်းအရွှေ့ မပိတ်မီ အသက်၂၄နှစ်ရှိ ရော်ဘင်ဟိုအား ခေါ်ယူနိုင်ရန်အတွက် ဩဂုတ် ၂၂ရက်တွင် မက်ဒရစ်သို့ ထပ်မံသွားရောက်ခဲ့သည်ဟု ဆိုသည်။ (အင်တာနက်)

အမေရိကန်အိုးပင်းတင်းနစ် ပထမအဆင့်ပြိုင်ပွဲ မူရေး၊ ရှိုက်မန်းနှင့် နာဒယ်တို့ဆုံကြမည်

လန်ဒန် ဩဂုတ် ၂၂

လာမည့်သီတင်းပတ်တွင် ကျင်းပမည့် အမေရိကန်အိုးပင်းဖလားတင်းနစ်ပြိုင်ပွဲတွင် အန်ဒီမူရေးသည် ပထမအဆင့်ပတ်လည်ပြိုင်ပွဲ၌ ကမ္ဘာ့အဆင့် ၁၀၂ရှိ အာဂျင်တီးနားတင်းနစ်သမား ဆာဂျီယိုရှိုက်မန်း၊ ဆီမီးဖိုင်နယ်သို့ ရောက်ရှိနိုင်သည့် ကမ္ဘာ့အဆင့်နံပါတ်(၁)ရှိ ရာဖေးလ်နာဒယ်တို့နှင့် တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆုံတွေ့ဖွယ်ရှိ

ဗြိတိသျှတင်းနစ်သမားမူရေးသည် အသက်၂၉နှစ်ရှိ ရှိုက်မန်းနှင့် ပထမဆုံးအကြိမ် ဆုံတွေ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်တွင် ကမ္ဘာ့အဆင့်(၄)ရှိ ဒေးဗစ်ဖာရာနှင့် ဆုံတွေ့ဖွယ်ရှိသည်။

ချန်ပီယံရော်ဂျာဖက်ဒဲယားသည် ၄င်း၏ အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို ကာကွယ်ရန် ကြိုးစားနေချိန်တွင် ပထမဦးဆုံးအကြိမ် ဂရင်းဆလမ်ဖလားကို ရရှိထားခဲ့သူ နာဒယ်သည် လက်ရည်စစ်ပွဲအောင်မြင်လာသူတစ်ဦးနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းတင်ပြသည်

အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ

တတိယနေရာလုပွဲရလဒ်

ဘရာဇီး သုံးဂိုး - ဘယ်လ်ဂျီယံ ဂိုးမရှိ

* အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၃ရက်(ယနေ့)၌ နိုင်ဂျီးရီးယားနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြဝတီ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် MRTV-4 အစီအစဉ်များကို Antenna တစ်ချောင်းတည်းဖြင့် အထူးကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်သည်

NIBBAN® ALL in ONE TV ANTENNA



Antenna ကြိုး(၁၅)ကိုက်နှင့် TV ခေါင်းပါ အသင့်တပ်ပြီးဖြစ်၍ မိမိကိုယ်တိုင် အလွယ်တကူ တပ်ဆင်နိုင်ပါသည်။

D.I.Y

ဆင်တူရိုးမှားများပေါ်ပေါက်နေ၍ NIBBAN® အမှတ်တံဆိပ်၊ UV-330 Model, D.I.Y အမှတ်အသားနှင့် 5 YEARS WARRANTY စာသားများကို အထူးဂရုပြုဝယ်ယူပါ။

ပင်ရင်း - SHOWROOM & SERVICE CENTER အမှတ်(၁၆၄)၊ ဗိုလ်ချုပ်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁)၂၅၁၇၉၂ နှင့် အမြို့မြို့အနယ်နယ်ရှိ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

သက်ကြီးပူဇော်

ဩဂုတ်၂၂ရက်က ဆူးလေစေတီတော်ဂေါပကအဖွဲ့၏ သက်ကြီးပူဇော်ပွဲကျင်းပရေး အလုပ်အမှုဆောင်အဖွဲ့ကကြီးမှူး၍ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်များရှိ အသက်၈၀နှင့် အထက် သက်ကြီး အဘိုး၊ အဘွား ၄၀၊ ဂေါပကအဖွဲ့ဝင် သက်ကြီး ပုဂ္ဂိုလ်သုံးဦးနှင့် ဘက်စုံလုပ်ငန်းမှတစ်ဦး စုစုပေါင်း ၄၄ဦးတို့အား ပူဇော်ကန်တော့သည့် တတိယအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဆူးလေစေတီတော်ရှိ ကျက်သရေဆောင်ခန်းမ၌ ကျင်းပစဉ်။

(မြန်မာ့အလင်း)



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Duty Free Shop တွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများအလိုရှိသည်

(လစာကောင်းပေးမည်)

၁။ **တာဝန်ခံမန်နေဂျာ** — ကျား/မ (၂)ဦး
ဘွဲ့ရဖြစ်ရမည်။ စီမံခန့်ခွဲမှုအတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင်ရမည်။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြောနိုင်ရမည်။
MBA,DMA ရသူများ ဦးစားပေးမည်။

၂။ **စာရင်းကိုင်** — မ (၁)ဦး
CPA သို့မဟုတ် B.Com၊ LCCI Level(3)
Computerized Accounting၊ Final Account ရေးဆွဲနိုင်ရမည်။
အင်္ဂလိပ်စကား အသင့်အတင့် ပြောဆိုနိုင်ရမည်။

၃။ **Cashier / အရောင်းဝန်ထမ်း** — မ (၆)ဦး
ဘွဲ့ရဖြစ်ရမည်။ အရပ်၅ပေ ၄လက်မ အနည်းဆုံးရှိပြီး ရုပ်ရည်ချောမောရမည်။
ဆက်ဆံရေးကောင်းရမည်။ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်း အထောက်အထား၊ မှတ်ပုံတင်၊ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံနှစ်ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ ၁၀-၉-၂၀၀၈ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါ လိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

အမှတ် ၅၅/၆၅၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၃၉၀၅။

ဥတုရာသီ တောကိုမှီ၏

သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၂၂

တောင်ဥက္ကလာပမြို့နယ် ၁၃ရပ်ကွက် အောင်မြေလူထုဓမ္မာရုံတော်ကြီးအတွင်း သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D. Litt) (Ph.D)သည် ဝါခေါင်လပြည့်ကျော် ၁၀ရက် (ဩဂုတ်၂၆ရက်) အင်္ဂါနေ့ ည၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ မည်သူမဆို တရားနာယူကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်း

လွိုင်ကော် ဩဂုတ် ၂၂

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ်၄ရက် နံနက်၈နာရီက လွိုင်ကော်မြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ အခမ်းအနားသို့ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများက မိမိတို့မြို့နယ်အလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး ပြည်နယ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင် မြန်/ဆက်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ်နှင့် ရောဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်

ရန်ကုန် ဩဂုတ် ၂၂

ဩဂုတ်၂၁ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေ လေ့လာကြည့်ပါက အမေရိကန်နိုင်ငံမြောက်ပိုင်း တက်ဆက်စ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဆိုးရွားစွာဖြစ်ပေါ်ခြင်း၊ နယူးဇီလန်မြောက်ပိုင်း၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းကာ မြောက်အိုင်ယာလန်၌ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ဩဂုတ် ၂၂ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေကို လေ့လာကြည့်ပါက စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာခဲ့သည်။

ဩဂုတ်၂၃ရက်**(ယနေ့)**ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသ အခြေအနေကို ခန့်မှန်းရပါက စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ်၂၃ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိနေမည်ဖြစ်သည်။

ဩဂုတ်၂၂ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ခရမ်း	၂ ဒသမ	၂၄ လက်မ
သီပေါ	၂ ဒသမ	၀၅ လက်မ
ပုသိမ်	၁ ဒသမ	၈၉ လက်မ
ပြင်ဦးလွင်	၁ ဒသမ	၈၂ လက်မ
တောင်ငူ	၁ ဒသမ	၆၂ လက်မ
မော်လမြိုင်	၁ ဒသမ	၅၇ လက်မ
ဗန်းမော်	၁ ဒသမ	၅၄ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ရွှေတောင်မြို့ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရား မျက်နှာကြက်တော်ဆောက်လုပ်ပြီး ရေစက်ချလှူဒါန်း

ရွှေတောင် ဩဂုတ် ၁၈

ပြည်ခရိုင် ရွှေတောင်မြို့နယ် သမိုင်းဝင်ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၏ မျက်နှာကြက်တော်အား ပါရမီရှင်ပြည်သူတို့၏ ကုသိုလ်ပါဝင်မှုဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ရာ အောင်မြင်စွာ ဆောက်လုပ်လှူဒါန်းပြီးဖြစ်၍ ရေစက်ချ အလှူမင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၆ရက် နံနက်၇နာရီ မိနစ်၂၀က ရွှေမျက်မှန်ဘုရားကြီး ဂန္ဓကုဋိတိုက်၌ ကျင်းပသည်။

ရွတ်ပွားချီးမြှင့်

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုရဓဇထံမှ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ဧည့်ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်

ထို့နောက် ဆရာတော်၊ သံဃာတော်များအား ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်က အနုမောဒနာတရား ဟောကြားတော်မူပြီး ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။(**အပေါ်ပုံ**)

လှူဒါန်းနိုင်

ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ ရင်ပြင်တော်တွင် နေပူခံကျောက်ပြားများ ခင်းမည်ဖြစ်သည့်အတွက် ရပ်ဝေးရပ်နီးမှ အလှူရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝ၅၈)**

ဇန်းဇော်မြို့၌ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်

ဇန်းဇော် ဩဂုတ် ၁၉

ဇန်းဇော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော တိန်းသော်-ဟဲလုံသစ်-ချောင်းဝ-ကမ္ဘာနီကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်မောင်မြင့် ကြီးကြပ်၍ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အမှတ်(၂)တွင် ဆယ့်နှစ်လရာသီလုံး အပွင့်များပွင့်ဖူးနေစေရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးထားမှု အခြေအနေကို ဇူလိုင် ၁၂ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၅ရက်က ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝေတင် ဦးဆောင်၍ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းသားကျောင်းသူလေးများအား အာဟာရ တိုက်ကျွေးစဉ်။ (၁၇၀)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရေး ရည်ရွယ်၍ စုပေါင်းဆောင်ရွက် ဆောက်လုပ်လျက်ရှိသော လေးထပ်ဘောဇနဆောင်အတွက် (ဦးစံ)၊ ဒေါ်သန်းစိန်တို့အား အမျှူးထား၍ ဒေါ်ငွေငွေအား ရည်စူးကာ ဒေါ်ခင်မြင့်နှင့် မောင်ဦးစိုးမြင့် (ဦးစံထမင်းဆိုင်) မိသားစု ၄၅/၇လမ်း လမ်းမတော်က ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်စိန်၊ သမီး ဒေါ်စန်းစန်းငွေ ကျောက်မြောင်းတာမွေက ငွေကျပ်တစ်သိန်း၊ (ဦးမျိုးခင်-ဒေါ်အုံးကျင်)၊ သားသမီး၊ မြေးတစ်စု ဝါးတန်းလမ်း လမ်းမတော်က ငွေကျပ်တစ်သိန်း၊ ဒေါ်တင်တင်ကြည်မိသားစု သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ ဦးရွှေတင်အောင်-ဒေါ်ဖြူနုမိသားစု အင်းစိန်က ငွေကျပ်တစ်သိန်း၊ ဦးကျင်မောင်-ဒေါ်စိန်စိန်မိသားစု ကိုင်းတန်းလမ်း လမ်းမတော်က ငွေကျပ် နှစ်သိန်း၊ ဦးအောင်သူရ-ဒေါ်ညိုညိုတင်မိသားစု F.M.I City လှိုင်သာယာက ငွေကျပ်တစ်သိန်း၊ ဒေါ်လှမြင့် မိသားစု လမ်းမတော်က ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဖွဲ့ချုပ်ကြီးအတွင်း တစ်လနှစ်ကြိမ် တရားစခန်းပွဲများ ကျင်းပလျက်ရှိရာ ဘောဇနဆောင် အမြန် ပြီးမြောက်ရေး စုပေါင်း ဆောင်ရွက်လိုပါက ဖုန်း-၀၁-၅၄၁၈၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

တောင်ငူမြို့ သန့်ရှင်းသာယာရေး စည်ပင်ဝန်ထမ်းများ ဆောင်ရွက်

တောင်ငူ ဩဂုတ် ၁၉

တောင်ငူမြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဈေးလမ်းနှင့် နဂါးရုံဘုရားလမ်းထောင့်ရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းဆယ်ယူခြင်းတို့ကို လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ဦးစီးအရာရှိ ဦးကြင်အေးတို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကံဖြူ-ရွှေးစုလမ်း ကျောက်ချောခင်းမှုကို ဇူလိုင် ၂၈ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပျော်ဘွယ်၌ ဝါဆိုသင်္ကန်းဆက်ကပ်

ပျော်ဘွယ် ဩဂုတ် ၁၅

ပျော်ဘွယ်မြို့နယ် အမေထိန်းခန်းမ နှစ်(၅၀)ပြည့် အထိမ်းအမှတ် ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပွဲကို ဇူလိုင်၂၅ရက် နံနက် ၆နာရီက အမေထိန်းခန်းမ၌ ကျင်းပသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းငွေ-ဒေါ်မော်မော်သန်းနှင့် အလှူရှင်များ၊ ဌာနဆိုင်ရာတာဝန်ခံများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်ဥက္ကဋ္ဌများက ရေလယ်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာကိစ္စရပ်များ တင်ပြလျှောက်ထားပြီး မြို့နယ်ဥက္ကဋ္ဌနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ခံများနှင့် အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ဝ၈၅)**

ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၏ စေတနာ(အခမဲ့) ဆေးကုခန်း ငွေပဒေသာပင် စိုက်ထူရန်အတွက် ဩဂုတ်၈ရက်က ပေါင်းတည်မြို့ ၅လမ်းနေ ဦးသန်းလေး-ဒေါ်ခင်ကြည် (ကြည်ရတနာပရိဘောဂဆိုင်) သားသမီး၊ မြေးမြစ်များက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးမောင်မောင်သန်း၊ ဆေးကုခန်းဥက္ကဋ္ဌဦးအောင်မြင့်သိန်းနှင့်အဖွဲ့ဝင်များ လက်ခံယူကြစဉ်။ (ဝ၆၁)

ကလေးမြို့မဈေး၌ မီးဘေးကာကွယ်ရေး ပညာပေးဆောင်ရွက်

ကလေး ဩဂုတ် ၉

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရွှန်းဒွန်းထန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒုတိယ ဦးစီးမှူး (ဈေး) ဒေါ်ဖြူဖြူခင်နှင့် စည်ပင်သာယာဝန်ထမ်းများနှင့် ဈေးမိဈေးဖများ စုပေါင်း၍ ဈေးတွင်းမီးဘေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် စားသောက်ဆိုင်များတွင် မီးသုံးစွဲမှု စစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ရာသို့ ဇူလိုင်၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသည့် ပန်းအလှပင်များကို ဇူလိုင်၁၂ရက်က အနော်ရထာတံတား ချဉ်းကပ်လမ်းဘေးဝဲယာ၌ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ စိုက်ပျိုးစဉ်။ (မြို့နယ်စည်ပင်)

နယ်စပ်ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာနှင့် ဈေးနှုန်းချိုသာမှု ရှိစေရေးအတွက် နမ့်ခမ်းသမဝါယမအသင်း နဝရတ်ဆိုင်ရိပ်မွန်ဖွင့်

နမ့်ခမ်း ဩဂုတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်နဝရတ်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးစိုင်းလှစိန်နှင့် အစုရှယ်ယာဝင်များသည် နယ်စပ်ဒေသ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာနှင့် ဈေးနှုန်းချိုသာစွာရှိစေရေးအတွက် နဝရတ်ဆိုင်ရိပ်မွန်ကို ဇူလိုင်၂၃ရက် နံနက်၈နာရီက အမှတ်(၁၂၆) ဟိုကတ်ရပ် ပြည်ထောင်စုလမ်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆန်၊ ဆီ၊ ဆားနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းရာ မြို့နယ် ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သမဝါယမဦးစီးဌာန ဝန်ထမ်းမိသားစုများနှင့် မြို့နယ်သမဝါယမ အသင်းအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အောင်မြေကုန်းကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်း ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဖွင့်လှစ်ပေး

အရာတော်မြို့နယ် ကမ်းဖြူ(အရှေ့)ကျေးရွာတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ရန်ကုန်မြို့နေ အလှူရှင်ဦးစိုးဝင်း၊ ဒေါက်တာအေးအေးမွန် မိသားစု(အောင်ဇမ္ဗူထွန်း အင်တာနေရှင်နယ် ကုမ္ပဏီ)မိသားစုကလှူဒါန်းသော စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အလှူရှင်မိသားစုနှင့် အမှုဆောင်အရာရှိ ဦးသိန်းမင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေဝေ၊ ရေလဲ၊ ရေထိန်းဧရိယာအတွင်း သစ်ပင်စိုက်ပျိုးပွဲတော် ဟားခါး၌ကျင်းပ

ဟားခါး ဩဂုတ် ၁၈

ချင်းပြည်နယ် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူးကျင်းပသော ဟားခါးမြို့ သောက်သုံးရေအဓိက ထွက်ရှိသော မြို့ထွက် ၃မိုင်ရှိ ရေဝေ၊ ရေလဲ၊ ရေထိန်းဧရိယာအတွင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၁၆ရက် နံနက်စနာရီက ကျင်းပရာ ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတမ်အောင်က ရေဝေ၊ ရေလဲဒေသ ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက အသင်းအဖွဲ့များနှင့် တက်ရောက်လာသူများအား ပျိုးပင်များဝေငှပြီး သစ်ပင်စိုက်ပျိုးကြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ပင်းတောက်ကျေးရွာ မြေသားလမ်းခင်းမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအေးဆွေအား ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လေဘောသင့်ကျေးရွာ စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၂

လေဘောသင့်၍ ပျက်စီးသွားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ရက်က လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ် ၁၁ရပ်ကွက်ရှိ ရောင်ခြည်ဦး စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၁၀၀နှင့် ကုလားကြီးစုကျေးရွာ တံခွန်စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံအုပ် ၁၀၀ကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်က လှူဒါန်းရာ အမှတ် ၁၁ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်စိုးနိုက လက်ခံယူသည်။ **(ယာပုံ)**

ဟောပြောဆွေးနွေး

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ရှင်သန်ခိုင်မာရေး ဟောပြောဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း မြစ်ကြီးနား၌ဖွင့် ရေဒီယိုနှင့် သုတရသစာအုပ်များ ပေးအပ်လှူဒါန်း

မြစ်ကြီးနား ဩဂုတ် ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး မြင့်လွင်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုင်းသိန်းလွင်က စာကြည့်တိုက် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လက်ထောက် ညွှန်ကြားရေးမှူးက ကျေးရွာစာကြည့်တိုက်များအတွက် ရေဒီယို ၂၃ လုံး၊ သုတ ရသ စာအုပ်စာစောင်အုပ်ရေ ၁၂၆၀တို့ကို လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးများက လက်ခံယူကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချိမောင်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးထွန်းတို့က စာကြည့်တိုက်ပညာနှင့် ပတ်သက်၍ သင်ခန်းစာများကို ဆက်လက်ပို့ချသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၃၆ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းပြားမြို့ ဗွန်ရဲလမ်း (အဖွဲ့ရုံးရှေ့) Land Scaping အားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန်၃ရက်က လက်ထောက် အင်ဂျင်နီယာ ဦးအောင်သန်းဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငါန်းဇွန်မြို့၌ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုး

ငါန်းဇွန် ဩဂုတ် ၁၅

ငါန်းဇွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးဥယျာဉ်များပြုလုပ်ပြီး မြို့တွင်းလမ်းများ လမ်းဘေးဝဲယာရှိ ပန်းခြံ၊ ကလေးကစားကွင်းတို့တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးပေးလျက်ရှိရာ ဇူလိုင် ၃၀ရက် နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံရှေ့လမ်း မြေယာရှုခင်း ပန်းအလှဆင်ခြင်းလုပ်ငန်းကို မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုးဝင်းထွန်းတို့ ဦးဆောင်သော ဝန်ထမ်းများက စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြောင်းမြမြို့ အမှတ်(၇)ရပ်ကွက် ရွှေဂုံတိုင်လမ်း ကွန်ကရစ်မြောင်းကူး တံတားပြုလုပ်ခြင်းလုပ်ငန်းကို ဇူလိုင်၂၉ရက်က လက်ထောက်အင်ဂျင်နီယာ ဦးလှဦးနှင့်အဖွဲ့ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းနိုင်တို့ ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

သစ်စုဆောင်း

ဇူလိုင် ၁၄ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်ဖြစ်သော အုတ်ဆွဲရှာ အဝင်တံတား တည်ဆောက်ခြင်း လုပ်ငန်းအတွက် သစ်စုဆောင်းထားရှိမှုကို အမှုဆောင်အရာရှိကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ရွှေတောင်၌ဖွင့်လှစ်

ရွှေတောင် ဩဂုတ် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို ဩဂုတ်၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း၊ ကျေးရွာစာကြည့်တိုက်များအကြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းတို့ကို ပြောကြားသည်။

သင်တန်းတွင် မြို့နယ် ဦးစီးမှူး ဦးလှမျိုးအောင်၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဆွေဆွေအောင်နှင့် အငယ်တန်းစာရေး ဒေါ်နွေးဒါလီနိုင်တို့က စာကြည့်တိုက်ဆိုင်ရာများနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆွေးနွေးခဲ့ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏စီမံမှုဖြင့် အဆိုပါသင်တန်းများကိုရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များကို ဆက်လက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့်လုပ်ငန်းဖြစ်သော ဗိုလ်မှူးဖိုးကွန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ကျောက်စုဆောင်းမှုအခြေအနေကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဦးမြို့၌ ယင်လုံဆန်ခါဖြင့် သားငါးများရောင်းချ

ချောင်းဦး ဩဂုတ် ၁၄

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အသား၊ ငါးနှင့် အစားအသောက်များ ယင်နားခြင်းမှ ကင်းဝေးစေရေးအတွက် ယင်လုံဆန်ခါများ တပ်ဆင်ရောင်းချမှု ရှိမရှိကို ဩဂုတ် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ ဒုတိယဦးစီးမှူး ဒေါ်လဲ့လဲ့စိုးနှင့် အဖွဲ့ဝန်ထမ်းများ စစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

23-8 (16).pmd 1 3/21/2003, 6:23 AM

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ Mr & Mrs Wilson How (Mac Comm Trading Myanmar)က အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောာယ်လ် (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါ်ရီရီမြင့်နှင့် အတွင်းရေးမှူး ဦးထွန်းအေးတို့ လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

နတ်တလင်း၌ မိခင်နို့တိုက်ကျွေးရေးနေ့ အကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြော

နတ်တလင်း ဩဂုတ် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ အခမ်းအနားကို ဩဂုတ် ၁ရက် နံနက် ၁၀နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပသည်။

လက်တွေ့ပြသ

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မေရီထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာကျော်ငြိမ်းက မိခင်နို့ တိုက်ကျွေးရေးနေ့ အကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောသည်။ ထို့နောက် ကျန်းမာရေး ဦးစီးဌာနဝန်ထမ်းများက မိခင်များရင်သွေးငယ်များကို စနစ်တကျ မိခင်နို့ တိုက်ကျွေးနိုင်ရန်အတွက် လက်တွေ့ပြသကြောင်း သိရသည်။(ယာပုံ)

(မြို့နယ် ပြန်/ဆက်)

ကျုံပျော်မြို့၌ ကတ္တရာခင်းရန် ကျောက်များစုဆောင်း

ကျုံပျော် ဩဂုတ် ၁၅

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် ညောင်ပင်သာလမ်းတွင် ကျောက်များစုဆောင်းထားရှိမှုကို ဇူလိုင် ၁၀ ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသန်းဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဖခင်အမည်မှန်

ဖားကန့်မြို့နယ် မော်စီဇာကျေးရွာ မူလတန်းလွန်ကျောင်း တတိယတန်းမှ မောင်ဆွတ်ဝန်ဒန်၏ ဖခင်အမည်မှန်မှာ ဦးလရိန် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဖားကန့်မြို့နယ် မော်စီဇာကျေးရွာနေ မဂျာမိုင်၏ဖခင်အမည်မှန်မှာ ဦးလရိန် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက-၂ တက္ကသိုလ်ဝင်တန်း(D-1)မှ မောင်အောင်မိုင်၏ ဖခင်အမည်မှန်မှာ ဦးလရိန် ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဖားကန့်မြို့နယ် မော်စီဇာကျေးရွာ မူလတန်းလွန်ကျောင်း စတုတ္ထတန်းမှ မဒွဲအောင်အား မဂျီးဘူဟု ပြောင်းလဲခေါ်ပါရန်။

တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

လှိုင်ကော်တက္ကသိုလ် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါပိတ်ရက် ၃၁-၈-၂၀၀၈ ရက် သတ်မှတ်၍ ၂၄-၇-၂၀၀၈ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ချိပ်ပိတ်တင်ဒါခေါ်ယူခဲ့ပါသည်။ အဆိုပါ တင်ဒါပိတ်ရက်ကို ၂၉-၈-၂၀၀၈ ရက် ၁၆:၀၀ နာရီအထိ ရက်တိုးမြှင့်လိုက်ကြောင်း ကြေညာပါသည်။

၁။ စက္ကူနှင့် စာရေးကိရိယာပစ္စည်းများ
၂။ လက်တွေ့ခန်းသုံးပစ္စည်းများ
၃။ ပရိဘောဂပစ္စည်းများ
၄။ ရုံးလုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ
၅။ ရုံးလုပ်ငန်းသုံးပစ္စည်းများ

ပစ္စည်းဝယ်ယူရေးကော်မတီ၊ လှိုင်ကော်တက္ကသိုလ်၊ ဖုန်းအမှတ်-၀၈၃-၂၁၈၆၃။

အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

တောင်ကြီးမြို့ ပြည်တော်သာရပ် ခွာညိုလမ်း အမှတ် ၁၈၀ နေ ဒေါ်နန်းလိတ်က တောင်ကြီးမြို့ ရေအေးကွင်းရပ် နေလလမ်းသွယ် အမှတ် ၁၁၆/၁၀နေ ဦးကျော်မြင့် ၁၃/တကန (နိုင်)၀၀၃၆၄၄ထံ လွှဲအပ်ထားသော ၂-၅-၂၀၀၈ ရက်စွဲပါ စာချုပ်အမှတ် ၁၀၂/၂၀၀၈အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။ **ဒေါ်နန်းလိတ်(ခ)ဒေါ်နန်းသီရိအောင် ၁၃/လလန(နိုင်)၀၁၄၇၁၅။**

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မှန်စက်ရုံစီမံကိန်း (ကျောက်ဆည်)တွင်(Soil Investigation Works) မြေစမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါအတိုင်း တင်ဒါတင်သွင်းရန် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ စီမံကိန်းဌာန ရုံးအမှတ် (၄၁) နေပြည်တော်တွင် တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတရားဝင်ပုံစံ ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၂၁-၈-၂၀၀၈ရက်
တင်ဒါတင်သွင်းရမည့်ရက် - ၂၂-၈-၂၀၀၈ရက်မှ ၁-၉-၂၀၀၈ရက်အထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၁-၉-၂၀၀၈ရက် ၁၆:၃၀နာရီ

အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၂၉၆၊ ၀၆၇-၄၀၈၂၀၈။

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

ဂျပန်စာ

အခြေခံ(အရေး+အဖတ်+အပြော)
ကျွမ်းကျင်သည်အထိ အိမ်လိုက်သင်ပေးသည်။
ဆက်သွယ်ရန်ဖုန်း-၀၁-၅၇၈၆၈၆။

အမည်ပြောင်း

အောင်လံမြို့ စက်ရုံရပ်ကွက် ပြည်လမ်းနေ ဦးမင်းအေး-ဒေါ်တင်တင်ဝင်း (စိန်နန်းတော်-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တို့၏သား မောင်ရဲသူရိန်လင်း (Grade-6) အထကခွဲ ရွာထောင်အား မောင်ရဲမြတ်မင်းအေးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရဲမြတ်မင်းအေး။**

ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ၊ မြေတိုင်းရပ်ကွက်(၁၂) မြေကွက်အမှတ်-၁၀၆၄ (အမည်ပေါက်-ဒေါ်ဒူရိုဂါဒေဝီ)ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန၊မြေနှင့်အခွန်ဌာနခွဲ၊မြေယာရုံးခွဲ(၅)တွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် ထုတ်ယူမည်ဖြစ်ပါ၍ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါသည်။ **ဒေါ်မာမာကြူ**
ပီဂျီယူ/၂၂၁၈၇၈၊အမှတ်-၈၁၆၊ ပုဂံလမ်း၊၁၂ ရပ်ကွက်၊ရွှေပေါက်ကံ။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ မော်လမြိုင်တက္ကသိုလ်တွင် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) စက်ကိရိယာပစ္စည်း	၇ မျိုး
(ခ) ပရိဘောဂပစ္စည်း	၅ မျိုး
(ဂ) စာရေးကိရိယာပစ္စည်း	၂၈ မျိုး
(ဃ) လျှပ်စစ်ပစ္စည်း	၃၃ မျိုး
(င) ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းသုံးပစ္စည်း(ရေသန့်+မြို့ပြ)	၂၉ မျိုး
(စ) စက်ဆီပစ္စည်း	၄ မျိုး

၂။ တင်ဒါပိတ်ရက်မှာ ၅-၉-၂၀၀၈ရက် မွန်းလွဲ ၁:၀၀နာရီဖြစ်၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၃-၈-၂၀၀၈ရက်မှစ၍ မော်လမြိုင်တက္ကသိုလ် စတိုအင်ဂျင်နီယာဌာနရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။ **ပစ္စည်းဝယ်ယူရေးအဖွဲ့၊မော်လမြိုင်တက္ကသိုလ် ဖုန်း-၀၅၇-၂၄၆၁၉၊ ၂၄၆၂၈၊ ၂၄၆၂၃။**



ဦးမောင်မောင်လွင်
အမှတ် ၁၂၈၊ ၁၆လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ သိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးအောင်စိန် နေပြည်တော်မြို့မဈေး၊ ရောင်ခြည်ဦး(ယခု လင်းရောင်ခြည်) စားသောက်ဆိုင်၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ပိုင်ဆိုင်သော ဗြုန်းအုတ်ထုတ်လုပ်သောစက်(တရုတ်နိုင်ငံလုပ်)နှင့် လက်ရိုက်စက် ၁၆လုံးတို့ကိုဝယ်ယူလိုကြောင်းပြောဆိုကမ်းလှမ်းသည်ကို ကျွန်ုပ်၏အမှုသည်မှ လက်ခံသဘောတူခဲ့ပြီး ၄င်းဗြုန်းအုတ်ထုတ်စက်ကို ကျပ်သိန်း ၈၀ ဖြင့်လည်းကောင်း၊လက်ရိုက်စက် ၁၆လုံးကို တစ်လုံးလျှင် ကျပ်တစ်သိန်းရှစ်သောင်းနှုန်းဖြင့် လည်းကောင်း ဝယ်ယူရောင်းချရန် သဘောတူခဲ့ကြပြီး ယင်းစက်များကိုကျွန်ုပ်အမှုသည်မှ လူကြီးမင်းထံသို့ ၂၀၀၇ခုနှစ် ဧပြီလဆန်းတွင်ပေးပို့ခဲ့ပါသည်။ သို့သော်ယင်းစက်များ၏တန်ဖိုးငွေကိုယနေ့အထိ ပေးချေခြင်းမပြုခဲ့ပါ။

စက်များ၏တန်ဖိုးငွေများရရှိရန် ကျွန်ုပ်အမှုသည်မှ ရန်ကုန်မြို့သို့လာရောက်ဆက်သွယ်ခဲ့သော်လည်း လူကြီးမင်းက အတွေ့မခံတိမ်းရှောင်နေသည်ဟု သိရှိရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်အမှုသည်အနေဖြင့် များစွာနစ်နာဆုံးရှုံးရပါသည်။ လူကြီးမင်းဝယ်ယူထားသော စက်များ၏တန်ဖိုးအပြည့်အဝပေးချေရန် လူကြီးမင်း၌ တာဝန်ရှိပါသည်။ သို့ဖြစ်၍ စက်တန်ဖိုးငွေ စုစုပေါင်းကျပ်သိန်းတစ်ရာ့ခုနစ်သိန်းရှစ်သောင်းတိတိကို ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ လာရောက်ပေးအပ်ရန်အသိပေးကြေညာအပ်ပါသည်။ ပျက်ကွက်လျှင် တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးအောင်စိန်၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးယဉ်ထွန်း(စဥ်-၂၄၇၃၆)	ဦးမြင့်လွင်(စဥ်-၁၃၂၇/၇၂)
LL.B, LL.M	B.A (Law), LL.B, D.I.L, D.M.L, D.B.L
အထက်တန်းရှေ့နေ	တရားရုံးချုပ်ရှေ့နေ

အမှတ် ၃၅၊ သုံးလွှာ၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၇၄၁၂။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၁၀၄၀ နေ ကျွန်တော်၏ဇနီး ဒေါ်သီသီအေး ၁၂/မဂဒ(နိုင်)၀၀၅၄၄၃ သည် ကျွန်တော်ဆေးရုံတက်ရောက် ကုသမှုခံယူနေစဉ် ရွှေငွေအဝတ်အထည်ပစ္စည်းများ ယူဆောင်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ ၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ)တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဇော်မင်း- ၁၂/မဂဒ(နိုင်)၀၀၅၄၄၂။**

ပျောက်ဆုံးခြင်း

ဦးစိုင်းစံထွန်းပိုင် ယာဉ်အမှတ် ၅ခ/၅၉၀၅၏ (ကမ-၃)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိထားသူအား အမြန်ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၅၆-၀၀၈၁၀။**

မွေးသက္ကရာဇ်အမှန်

အဖဦးထွန်းဝင်း၏သား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထက(၁) န၀မတန်း(ခ)မှ မောင်ရှင်းသန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၁၉၉၄ ဖြစ်ပါကြောင်း။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် မက/၂၃၄၇၀ အမျိုးအမည် ဟွန်ဒါလက်ဝယ်ရှိသူ ဦးဗိုလ်နိုင် မှတ်ပုံတင်အမှတ် ၈/ရစက(နိုင်)၁၂၉၉၆၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မခုတ္တူ)။

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုပ်တိုး

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် **Mr. Ibrahim Agboola Gambari** တို့ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari သည် ယနေ့မွန်းလွဲ ၁၂နာရီ ၅၅မိနစ်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီ စွန္နီဂျာမေဗလီဝတ်ကျောင်းတော်၌ ဝတ်ပြုဆုတောင်းသည်။

ထို့နောက် Mr. Gambari သည် မွန်းလွဲ၂နာရီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က Mr. Gambari အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

(၉)ကြိမ်မြောက် အင်ဒိုနီးရှား ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် မြန်မာက ကမ္ဘောဒီးယားကို ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၂

(၉)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖလား ဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၂၁ရက်မှ ၂၉ရက်အထိ ကျင်းပလျက်ရှိရာ အုပ်စု(ခ) ပထမပွဲစဉ်အဖြစ် ကမ္ဘောဒီးယားနှင့် မြန်မာအသင်းတို့ ဩဂုတ်၂၂ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲ၌ မြန်မာအသင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်

မြန်မာအသင်းအတွက် ဂိုးများကို ရာဇာဝင်းသိန်းက သုံးဂိုး၊ စိုးမြတ်မင်းက နှစ်ဂိုးနှင့် ရန်ပိုင်က နှစ်ဂိုးသွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် အင်ဒိုနီးရှားနှင့် ဩဂုတ်၂၅ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဒေါ်ဆွယ်ငင်းမှာ အသက်(၆၀)ခန့် ရှိပြီး အစားအသောက်ကောင်း၍ ကျန်းမာဝပြိုးနေလေသည်။ သို့သော် အလင်းရောင်ကို မမြင်ရသည်မှာ အနှစ် ၂၀ခန့် ကြာပြီဖြစ်၍ ခွဲစိတ်ပြီး ချက်ချင်းပင် မျက်စိ ပြန်လည်မြင်လာသော အခါ သူသည် ဝမ်းသာ၍မဆုံး၊ ပျော်မဆုံးဖြစ်နေရှာသည်။

ကမ္ဘောဓေင်လှိုင်၏ ဆောင်းပါး စာ - ၁၀